# အချိုးအကွေ့တိုင်းရှိ အတားအဆီးများ

## မြန်မာနိုင်ငံရှိ တိုင်းရင်းသားအမျိုးသမီးများအပေါ် ကျား၊မ အခြေပြု အကြမ်းဖက်ခြင်းများ



## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အမည်အတိုကောက်

| | |
|---|---|
| BWU | Burmese Women’s Union |
| KNWO | Karenni National Women’s Organization |
| PWU | Pa-O Women’s Union |
| RWU | Rakhaing Women’s Union |
| KWAT | Kachin Women’s Association Thailand |
| SWAN | Shan Women’s Action Network |
| KWHRO | Kuki Women’s Human Rights Organization |
| TWO | Ta’ang Women’s Organization |
| KWO | Karen Women’s Organization |
| TWU | Tavoyan Women’s Union |
| KyWO | Kayan Women’s Organization |
| LWO | Lahu Women’s Organization |
| WJ | Women for Justice |

# မာတိကာ


ကျေးဇူးတင်လွှာ ၈

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၈

နိဒါန်း ၁

မြန်မာနိုင်ငံရှိ တိုင်းရင်းသူအမျိုးသမီးများအပေါ် ကျား၊မ အခြေပြု အကြမ်းဖက်မှု ခြုံငုံသုံးသပ်ချက် (၂၀၁၇ – ၂၀၂၀) ၃

အစီရင်ခံခဲ့သော ကျား၊ မ အခြေပြုအကြမ်းဖက်မှု ကိစ္စရပ်များ ခြုံငုံသုံးသပ်ချက် ၃

ရှင်သန်လွတ်မြောက်လာသူများမှ တရားမျှတမှု လက်လှမ်းမီရရှိရေး ခြုံငုံသုံးသပ်ချက် ၇

ရှင်သန်လွတ်မြောက်လာသူများကို ပံ့ပိုးသော ဝန်ဆောင်မှုများဆိုင်ရာ ခြုံငုံသုံးသပ်ချက် ၉

အချိုးအကွေ့တိုင်းရှိ အတားအဆီးများ

လွတ်မြောက်လာသူများမှ ရင်ဆိုင်ကြုံတွေ့ရသော နိုင်ငံရေးနှင့် လူမှုရေး ဆိုင်ရာ အခက်အခဲအတားအဆီးများ ၁၀

တရားမျှတမှုရရှိရန် အတားအဆီးများ

ကျား၊မ အခြေပြုအကြမ်းဖက်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ပြည့်စုံလုံလောက်ခြင်းမရှိသော ပြည်တွင်းတရားစီရင်ရေးစနစ် ၁၀

ပြည့်စုံလုံလောက်ခြင်းမရှိသော ပြည်တွင်းတရားစီရင်ရေးမူဘောင် ၁၀

ထိရောက်မှုမရှိခြင်း၊ ပြည့်စုံလုံလောက်သော သင်ကြားပို့ချမှုမရှိခြင်းနှင့် တရားစီရင်ရေး၊ ရဲနှင့် အခြားသော တရားရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ အကျင့်ပျက်ချစားမှု ၁၂

ပုံစံတကျ မဟုတ်သော တရားစီရင်ရေးစနစ်၏ အကျိုးသက်ရောက်မှု ၁၃

အာဏာရှိသော ကျူးလွန်သူများ အရေးယူမှုမှကင်းလွတ်ခြင်း ၁၅

အကြမ်းဖက်ခံရသူများအတွက် အထူးစီမံထားသော ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများမရှိခြင်းနှင့် အကြမ်းဖက်ခံရသူများကို ခြိမ်းခြောက်ခြင်း ၁၇

ဝန်ဆောင်မှု အကူအညီများရရှိရန် အတားအဆီးများ

ရှင်သန်လွတ်မြောက်လာသူများကို ကူညီပံ့ပိုးရန် လူမှုရေးနှင့် အခြားသော ဝန်ဆောင်မှုများ မရှိခြင်း ၁၈

လူမှုအသိုင်းအဝိုင်းအတွင်းရှိ အတားအဆီးအခက်အခဲများ

ကျား၊မ ခွဲခြားဆက်ဆံခြင်းဆိုင်ရာ စံသတ်မှတ်ချက် များ နှင့် အမြစ်တွယ်နေသော ဖိုဝါဒကြီးစိုးမှု ၁၉

နိဂုံး ၂၁

အကြံပြုချက်များ ၂၂

# ကျေးဇူးတင်လွှာ

လုံခြုံရေးဆိုင်ရာ အန္တရာယ်ရှိနေသော်လည်း သူတို့၏ အဖြစ်အပျက်အကြောင်းအရာများကို ရဲဝံ့စွာပြန်လည် မျှဝေခဲ့ကြသည့် ရဲရင့်သော မိန်းကလေးငယ်များ၊ အမျိုးသမီးများနှင့် အခြားသော လူထုအသိုင်းဝိုင်းမှ ပုဂ္ဂိုလ်များမပါဘဲ ဤအစီရင်ခံစာကို ရေးသားတင်ပြနိုင်မည်မဟုတ်ပါ။ ထိုသူများ၏ ရဲဝင့်စွာ ထုတ်ဖော်ပြောကြားမှုများသည် အမျိုးသမီးများကို အကာအကွယ်ပေးသော မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ပြန်လည်တည်ဆောက်ရန် လိုအပ်သည့် စစ်မှန်သော ဥပဒေရေးရာ၊ နိုင်ငံရေးနှင့် လူမှုရေး အပြောင်းအလဲများကို အကျိုးသက်ရောက်မှုများပြုရန် မြန်မာပြည်တွင်းနှင့် ပြည်ပရှိခေါင်းဆောင်များကို လှုံ့ဆော်နိုင်လိမ့်မည်ဟုအနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။ WLB မှ သတင်းအချက်အလက်များကို လေ့လာဆန်းစစ်ခြင်းနှင့် ဤအစီရင်ခံစာကို ရေးသားရန် ညှိနိုင်းဆောင်ရွက်ခဲ့ကြသော Cetena Consulting မှ မီချဲလ်အိုနယ်လိုနှင့် ဖြူဖြူဆန်းတို့ကိုလည်း ကျေးဇူးတင်ပါသည်။

# အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံရှိ သမိုင်းကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းပေါင်း (၁၃) ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ချုပ် ဖြစ်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် လုပ်ကိုင်နိုင်မှု စွမ်းရည်ပြည့်ဝစေရေးအတွက် သာမက စွမ်းရည်မြင့်တင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်း တင်ခြင်းများမှတစ်ဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအပါအဝင် လူ့အဖွဲ့အစည်း နယ်ပယ်အားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ဆောင်လာမှုရှိစေရန် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။

**ရည်ရွယ်ချက်များ**

- အမျိုးသမီးများ၏ လုပ်ကိုင်နိုင်မှုစွမ်းရည်နှင့် ဘဝအဆင့်အတန်းမြင့်မားလာစေရေး
- အမျိုးသမီးများ၏အခွင့်အရေး နှင့် ကျား၊မတန်းတူညီမျှမှုရှိရေး
- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းပုံစံအားလုံး ပပျောက်ရေး
- လူမှုနယ်ပယ်အသီးသီးရှိ ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်မှုပိုမို အားကောင်းလာရေး။
- ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ပြန်လည်သင့်မြတ်ရေး လှုပ်ရှားမှုများတွင် ထိရောက်စွာပူးပေါင်းပါ ဝင်ရန်လုပ်ဆောင်ရေး။

# နိဒါန်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပါသည်။ ၎င်းရွေးကောက်ပွဲအနိုင်ရရှိမှုသည် ဒီမိုကရေစီနည်းလမ်းအရ တက်လာသော အစိုးရစနစ်ကို ပေါ်ပေါက်လာစေခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်အတွက် အစိုးရရာထူးကိုရရှိရန် လမ်းဖွင့်ပေးခဲ့သော ၂၀၁၅ ခုနှစ်မှရွေးကောက်ပွဲရလဒ်ထက်ပိုမိုကောင်းမွန်သည်။ NLD အစိုးရ၏ ပထမသက်တမ်းအတွင်း မြန်မာနိုင်ငံရှိ တိုင်းရင်းသူအမျိုးသမီးများ၏ နေထိုင်မှုဘဝအတွေ့အကြုံများကို တိုးတက်လာစေရန် လုပ်ဆောင်ပေးမည်ဟု ကတိပြုခဲ့သော်လည်း အမျိုးသမီးများအနေဖြင့် ပိုမိုကောင်းမွန်သော လုံခြုံမှုနှင့် ဘေးကင်းမှုများကို တွေ့ကြုံခံစားနိုင်ခဲ့ခြင်းမရှိပါ။ တကယ့် လက်တွေ့တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုအတွက် တာဝန်ခံမှုကို ဟန့်တားသည့် အန္တရာယ်ရှိသော တရားစီရင်ရေးနှင့် လူမှုရေး ပေါင်းစပ်မှုအချက်များကြောင့် မြန်မာပြည်ရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် ကျား၊မ အခြေပြုအကြမ်းဖက်ခြင်းကို ၂၀၁၇ မှ ၂၀၂၀ ခုနှစ်ထိ စိုးရိမ်ဖွယ်နှုန်းဖြင့် ဆက်လက်ကြုံတွေ့နေရသည်ကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ တွေ့ရှိခဲ့ပါသည်။[1] ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးအား တိုက်ဖျက်ရန် ချမှတ်ခဲ့သော lockdown အစီအမံများကြောင့် ကပ်ရောဂါကဲ့သို့ ဖြစ်နေသော အကြမ်းဖက်မှုသည် ပိုမိုဆိုးရွားလာ ခဲ့ပါသည်။[2] NLD အစိုးရသစ်အနေဖြင့် ၎င်း၏ အားကောင်းခိုင်မာသော နိုင်ငံရေးနေရာကို အသုံးပြုပြီး အထူးသဖြင့် တိုင်းရင်းသူအမျိုးသမီးများကို ကျား၊မ အခြေပြုအကြမ်းဖက်ခံရခြင်းမှ အကာအကွယ်ပေးရန်နှင့် လွတ်မြောက်လာသူများ တရားမျှတမှုရရှိရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

WLB ၏ အဖွဲ့ဝင်များမှ အဖွဲ့တစ်ခု၏ ကိုယ်စားပြုမှတ်တမ်းအရ တိုင်းရင်းသားနယ်မြေဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော ကျား၊မအခြေပြုအကြမ်းဖက်မှုအမျိုးမျိုးကို ဖော်ထုတ်ပြသထားပါသည်။ အကြမ်းဖက်မှုတွင် အိမ်တွင်းအကြမ်းဖက်မှု၊ မုဒိမ်းမှုနှင့် မုဒိမ်းကျင့်ရန်အား ထုတ်မှုများ ပါဝင်ပါသည်။ ချိုးဖောက်ကျူးလွန်သူများသည် (အများအားဖြင့်) အကြမ်းဖက်ခံရသူများ၏ အိမ်ထောင်ဖက်များနှင့် မိသားစုဝင်များ ဖြစ်လေ့ရှိသည်ဟု လူသိများကြသော်လည်း ထို ကျူးလွန်သူများသည် ကျောင်းဆရာများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရဲအရာရှိများ၊ စစ်သားများနှင့် ရပ်ရွာအုပ်ချုပ်ရေးမှူးများလည်း ဖြစ်နိုင်ပါသည်။ ဤအမျိုးသမီးများအပေါ် အကြမ်းဖက်သော ကပ်ရောဂါသည် အမျိုးသမီးများ၏ ကိုယ်ပိုင်ဘဝနှင့် အများပြည်သူရှေ့ နေထိုင်မှု ဘဝများတွင် အာဏာနှင့် လုပ်ပိုင်ခွင့်များ ကင်းမဲ့စေခြင်း၊ အမျိုးသားများ ကြီးစိုးလွှမ်းမိုးထားသည့် စစ်တပ်၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ဘာသာရေးဖွဲ့စည်းပုံစနစ်ကဲ့သို့ အာဏာရှိအဖွဲ့အစည်းများမှ အမျိုးသမီးများကို ထုတ်ပယ်ထားခြင်းနှင့် လူ့အသိုင်းအဝိုင်းမှ အမျိုးသမီးအရေးများကို ဘေးဖယ်ထားခြင်းများ ဖြစ်စေသည့် လူ့အသိုင်းအဝိုင်းအတွင်း အမြစ်တွယ်နေသော ဖိုဝါဒီကြီးစိုးသည့် သဘောထားများ၏ ရလဒ်များဖြစ်သည်။

ကျား၊မ အခြေပြုအကြမ်းဖက်ခံရသော အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စိတ်ဒဏ်ရာများကို မကြာခဏခံစားကြရသည်။ လူ့အသိုင်းအဝိုင်းအနှံ့ရှိ အကြမ်းဖက်ခံရသူကို အပြစ်ပုံချ၊ အရှက်ခွဲ တတ်သည့် ကျား၊မအခြေပြုလူမှုရေးဆိုင်ရာ ဂုဏ်သရေညှိုးနွမ်းအောင် ပြုလုပ်ခြင်းကြောင့် အဆိုပါ နာကျင်မှုဒဏ်ရာများသည် ပိုမိုဆိုးရွားလာပါသည်။ အကြမ်းဖက်မှုကျူးလွန်ခံရသူနှင့် ၎င်းတို့၏ မိသားစုများသည် ရေငုံနှုတ်ပိတ်နေရန် မကြာခဏ ဖိအားပေးခံရပြီး အကယ်၍ ထုတ်ဖော်ပြောကြားပါက လူ့အသိုင်းအဝိုင်းထဲမှ ထုတ်ဖယ်ခြင်းကို ခံရပါသည်။

အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ရှင်သန်လွတ်မြောက်သူများအတွက် ကူညီထောက်ပံ့သော ဝန်ဆောင်မှုများသည် လုံးဝပြည့်စုံလုံလောက်မှုမရှိပါ။ ရှင်သန်လွတ်မြောက်လာသူများကို ပေးအပ်ရန် လုံလောက်သော လူမှုရေး၊ တရားရေး၊ ဆေးကုသမှုဆိုင်ရာနှင့် အခြားသော ဝန်ဆောင်မှုများကို ထောက်ပံ့ရန် အစိုးရ၏ ပျက်ကွက်မှုကြောင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေကြရပါသည်။ သို့သော်လည်း WLB ၏ ဒေသခံအဖွဲ့ဝင်များကဲ့သို့ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ယင်းလိုအပ်ချက်များ၏ ကျယ်ပြန့်မှုနှင့် အတိမ်အနက်ကို ထိရောက်စွာ အရေးယူလုပ်ကိုင်ဆောင်ရွက်ဖြေရှင်းရန် ရန်ပုံငွေနှင့် သင်တန်းများ လိုအပ်နေဆဲဖြစ်သည်။

ဖြစ်ရပ်အတော်များများတွင် အကြမ်းဖက်မှုကျူးလွန်ခံရသူများသည် အကြမ်းဖက်ခံရမှုအတွက် တာဝန်ခံမှုရှိစေရန် တရားစီရင်ရေးစနစ်ကို လက်လှမ်းမှီနိုင်ခြင်းမရှိပေ။ ၁၈၆၁ ပြစ်မှုဆိုင်ရာ ကျင့်ထုံးအပါအဝင် ပြည်တွင်း တရားစီရင်ရေးမူဘောင်သည် ခေတ်နောက်ကျနေပြီး ၂၀၁၃ ခုနှစ်တွင်စတင်ခဲ့သည့် အမျိုးသမီးများပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းရန် ကြိုးပမ်းမှုသည် အောင်မြင်ခြင်းမရှိခဲ့ပါ။ အမျိုးသမီးများသည် ပုံစံတကျ မဟုတ်သော တရားစီရင်ရေး ယန္တယားများကို အသုံးပြုရန် မကြာခဏဖိအားပေးခံရခြင်း၊ မိသားစုများအကြား ပြဿနာများကို ဖြေရှင်းရန် ဖိအားပေးခံရခြင်း (သို့မဟုတ်) ပိုမိုဆိုးရွားသည့် ကိစ္စဖြစ်သော မိသားစုအရှက်တကွဲအကျိုးနည်းဖြစ်မည်ကို စိုးရိမ်ကြောက်လန့်သောကြောင့် ရေငုံနှုတ်ပိတ်နေခြင်းများရှိပါသည်။ တရားဝင် တရားစီရင်ရေးစနစ်အတွင်း ဖြေရှင်းခွင့်ရသော အမှုများဖြစ်ပါကလည်း အများပြည်သူ ရှေ့မှောက်တွင်ကြားနာသော တရားစီရင်ရေးတွင် မဖြစ်မနေတက်ရောက်ရခြင်း၊ တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်များအကြား ကျား၊မရေးရာ လေးနက်မှုသဘောတရားများကို ကောင်းစွာသိရှိနားလည်မှု မရှိခြင်းနှင့် အကြမ်းဖက်မှု ကျူးလွန်ခံရသူနှင့် မျက်မြင်သက်သေများအတွက် လုံလောက်သော သက်သေအထောက်အထားများနှင့် အခြားသော ကာကွယ်စောင့်ရှောက်ခြင်း မရှိခြင်းကြောင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် စိတ်ဒဏ်ရာ ပြန်လည်ရရှိကြသည်။

ပြစ်မှုကျူးလွန်သူများ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရနေမှု ပုံမှန်သဘောတရားတစ်ခု ဖြစ်လာခြင်း သည် လူမှုရေးနှင့် တရားရေးဆိုင်ရာ ပေါင်းစပ်မှုအင်အားများ၏ အကျိုးရလဒ်ဖြစ်သည်။ အထူးသဖြင့် စစ်တပ်အပါအဝင် ၎င်းတို့၏ အာဏာ၊ ငွေကြေးနှင့်၊ သို့မဟုတ် အဆက်အသွယ်များသည် တရားစီရင်ရေးကို ရှောင်လွှဲခွင့်ရရှိစေသည့် လွန်ကဲသော ဩဇာလွှမ်းမိုးမှုများဖြစ်ပြီး ရှင်သန်လွတ်မြောက်သူများ၏ နာကျင်မှုနှင့် စိတ်ဒဏ်ရာများ ကုစားခွင့်မရရှိခြင်း၏ အမှန်တရားလည်းဖြစ်သည်။ ရဲ၊ တရားသူကြီးနှင့် ဒေသခံအာဏာပိုင်များ ပါဝင်ဆောင်ရွက်လာသည့်တိုင် ၎င်းတို့တွင် အဆိုပါအရေးကိစ္စရပ်များကို ထိရောက်စွာ ကြားဝင်ဆောင်ရွက်ပေးရန် စွမ်းရည်၊ နိုင်ငံရေးစိတ်ဆန္ဒနှင့် အထူးပြု သင်ကြားပို့ချချက်များမရှိပေ။

အကြမ်းဖက်မှု ပြုကျင့်ခံရသူများအတွက် လုံလောက်သော လူမှုရေး၊ တရားရေး၊ ဆေးကုသမှုဆိုင်ရာနှင့် အခြားသော ဝန်ဆောင်မှုများပံ့ပိုးရေးနှင့် တရားမျှတမှုရရှိရေး အစိုးရမှလုပ်ဆောင်ရန် ပျက်ကွက်မှုသည် အမျိုးသမီးများ၏ အခြေခံ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအရ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အကြမ်းဖက်ခံရခြင်း၊ ကျား၊မအခြေပြုအကြမ်းဖက်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပြီး အကြမ်းဖက်ခံရသူများကို လုံလောက်သောကုစားမှုနှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရမည်ဖြစ်သည်။ အစိုးရတစ်ရပ်အနေဖြင့် အမျိုးသမီးများပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများပပျောက် ရေးဆိုင်ရာဘောတူညီစာချုပ် (CEDAW) နှင့် ကလေး၊ သူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူညီစာချုပ် (CRC) ကဲ့သို့ နိုင်ငံတကာသဘောတူညီစာချုပ်များကို လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာသည်နှင့် တစ်ပြိုင်နက် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဘေးကင်းလုံခြုံမှုကို တာဝန်ယူကာကွယ်ရန် ကတိကဝတ် ပြုပြီးဖြစ်သည်။[3]

ပြည့်စုံလုံလောက်မှုမရှိသော လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် ရှင်သန်လွတ်မြောက်သူများမှ ပြစ်မှုများအတွက် ကုစားမှုများရရှိရန် လုပ်ဆောင်ရာတွင် ကြုံတွေ့ရသော ဥပဒေရေးရာနှင့် တရားစီရင်ရေးစနစ်တွင် အမြစ်တွယ်နေသော ကျား၊မအခြေပြု ခွဲခြားဆက်ဆံမှုနှင့် လိုအပ်ချက်များကို မီးမောင်းထိုးပြရန် တိုင်းရင်းသားဒေသများရှိ ကျား၊မအခြေပြု အကြမ်းဖက်ခြင်းအမှုများကို WLB မှ ဆက်လက်မှတ်တမ်းတင်ပြုစုနေပါသည်။ ဝန်ဆောင်မှုများ ပံ့ပိုးမှုတွင် ကြီးမားသည့် တိုးတက်မှုများ၊ လူမှုရေးဆိုင်ရာ အပြောင်းအလဲများ၊ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ၊ တရားဥပဒေစိုးမိုးရေးကိုတင်းကျပ်စွာ လိုက်နာခြင်းများ စနစ်တကျပြောင်းလဲမှုများ မရှိသရွေ့ အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုများကို ဆက်လက်ကြုံတွေ့နေရမည်ဖြစ်ပြီး ကျူးလွန်သူများသည်လည်း အပြစ်ပေးအရေးယူခံရခြင်းမှ ဆက်လက်ကင်းလွတ်နေမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကြောင့် အထူးသဖြင့် အိမ်တွင်းအကြမ်းဖက်မှုနှင့် အမျိုးသမီးများ၊ မိန်းကလေးငယ်များ အပေါ်အကြမ်းဖက်မှုကို မြင့်တက်လာစေခဲ့သောကြောင့် အဆိုပါစိုးရိမ်ဖွယ်ကောင်းသော အခြေအနေသည် ပိုမိုဆိုးရွားလို့ လာခဲ့ပါသည်။[4] ဤပြည်သူ့ကျန်းမာရေးအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ၎င်း၏ တာဝန်ဖြစ်သည့် မြန်မာနိုင်ငံမှ တိုင်းရင်းသူအမျိုးသမီးများ၏ လုံခြုံရေးနှင့် လူနေမှုဘဝကောင်းမွန်စေရန် NLD အစိုးရသစ်အနေဖြင့် ပြည်သူလူထုမှ ထပ်မံအပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို အသုံးပြု၍ လာမည့်အစိုးရသက်တမ်းတွင် တာဝန်ယူ လုပ်ဆောင်ရမည်ဖြစ်သည်။

## မြန်မာနိုင်ငံရှိ တိုင်းရင်းသူအမျိုးသမီးများအပေါ် ကျူး၊မအခြေပြုအကြမ်းဖက်ခြင်း


# ခြုံငုံသုံးသပ်ချက် (၂၀၁၇ – ၂၀၂၀)

## အစီရင်ခံခဲ့သော ကျား၊ မ အခြေပြုအကြမ်းဖက်မှု ဖြစ်ရပ်များ ခြုံငုံသုံးသပ်ချက်။

မြန်မာနိုင်ငံတွင် ဖိုဝါဒကြီးဆိုးသော သဘောထားများနှင့် ရိုးရာအယူအဆများကြောင့် ကျား၊မအခြေပြု အကြမ်းဖက်ခြင်းသည် သာမန်ဖြစ်စဉ်တစ်ခုအဖြစ်သာရှိနေပြီး အကြမ်းဖက်ခံရသူများအတွက် ထိရောက်သော တရားစီရင်ရေး ကုထုံးနည်းလမ်းများမရှိခြင်းက အမျိုးသမီးများ၏ ထိလွယ်ရှလွယ်မှု အခြေအနေကို ပိုမိုဆိုးရွား စေပါသည်။[5] ၂၀၁၇ မှ ၂၀၂၀ ခုနှစ်အထိ WLB ၏ အဖွဲ့ဝင် ၁၁ ဖွဲ့မှ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ မုဒိမ်းမှုနှင့် မုဒိမ်းကျင့်ရန် အားထုတ်မှုအပါအဝင် ကျား၊မအခြေပြုအကြမ်းဖက်မှု အမှုပေါင်း ၄၆၉ မှုကို အစီရင်ခံတင်ပြခဲ့ပါသည်။ ဤကိန်းဂဏန်းအရေအတွက်သည် မှတ်တမ်းတင်ပြုစုရာတွင် နယ်မြေ အနည်းငယ်မှ သက်ဆိုင်ရာနယ်ပယ်ရှိအဖွဲ့ဝင်များ၏ အုပ်စုငယ်များမှသာပြုလုပ်နိုင်ခဲ့သောကြောင့် အပေါ်ယံ မျှသာ အစီရင်ခံနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ဤပြုစုရေးသား အစီရင်ခံခြင်းသည် ပဋိပက္ခ ပြန်လည် ဖြစ်ပေါ်သော ဒေသများနှင့် ပုဂ္ဂလိကနှင့် အများပြည်သူဘဝနှစ်ခုလုံးတွင် အကြမ်းဖက်မှုကို ဖြစ်ပေါ် စေသည့် ဆူပူမှုများနှင့် မငြိမ်သက်မှုများရှိနေသည့် အထူးသဖြင့် အန္တရာယ်ရှိသော စစ်ရေးအရှိန်တိုးမြင့်မှုများ ရှိသည့် ဒေသအများအပြားကို လွှမ်းခြုံနိုင်ခြင်းမရှိပါ။[6] ထို့ကြောင့် ကိန်းဂဏန်းအရေအတွက် အစစ်အမှန်နှင့် ပဋိပက္ခကြောင့် ဆက်စပ်ဖြစ်ပေါ်လာသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (CRSV) အမှု အရေအတွက်သည် ပိုမိုများပြားလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

WLB ထံသို့ မှတ်တမ်းပြုစုတင်ပြလာသော အချက်အလက်များသည် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု၊ မုဒိမ်းမှု၊ မုဒိမ်းကျင့်ရန် အားထုတ်မှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုနှင့် လူကုန် ကူးမှုများအပါအဝင် အမျိုးသမီးများမှ အကြမ်းဖက်မှု အမျိုးမျိုးကို တွေ့ကြုံနေရကြောင်းကို ဖော်ပြနေပါ သည်။ အိမ်တွင်းအကြမ်းဖက်မှုသည် အစီရင်ခံတင်ပြလာသော အမှုပေါင်းအားလုံး၏ ထက်ဝက်နီးပါး ခန့်ရှိခဲ့ပြီး၊ မုဒိမ်းမှုနှင့် မုဒိမ်းကျင့်ရန် အားထုတ်မှု အမှုများသည် ၃ ပုံ ၁ ပုံရှိခဲ့ပါသည်။ အောက်ဖော်ပြပါ ဇယား ၁ ကို ကြည့်ရှုရန်။

**ဇယား ၁ - မှတ်တမ်းတင်ပြုစုထားသော အမှုများ (၂၀၁၇ - ၂၀၂၀)**



## အိမ်တွင်းအကြမ်းဖက်မှု


အစီရင်ခံတင်ပြခဲ့သော အိမ်တွင်းအကြမ်းဖက်မှု အရေအတွက်အတော်များများက အမျိုးသမီးများသည် သူတို့၏ ကိုယ်ပိုင်ဘဝတွင် ကြီးမားသော ခြိမ်းခြောက်မှုအားလုံးနီးပါးကို ၎င်းတို့၏ လက်ရှိ (သို့) ယခင် ရင်းနှီးကျွမ်းဝင်သူများထံမှ ကြုံတွေ့နေရကြောင်းကို ဖော်ပြလျက်ရှိပါသည်။ အစီရင်ခံတင်ပြခဲ့သော အိမ်တွင်းအကြမ်းဖက်ခြင်း အမှု ၂၂၇ မှုမှ ၉၈ ရာခိုင်နှုန်းသည် အိမ်ထောင်ဖက်များနှင့် ယခင်အိမ်ထောင်ဖက်များအပါအဝင် ရင်းနှီးကျွမ်းဝင်သူများမှ ကျူးလွန်ခဲ့သည်။ အိမ်တွင်းအကြမ်းဖက်မှု ပုံစံအမျိုးမျိုးတွင် ထုရိုက်ခြင်း၊ လက်သီးနှင့် ထိုးခြင်း၊ ရိုက်ပုတ်ခြင်း၊ ရိုက်နှက်ခြင်း၊ ကန်ကြောက်ခြင်း၊ ဆောင့်တွန်းခြင်း၊ ဆံပင်များ ဆောင့်ဆွဲခြင်းနှင့် ဓါးများနှင့် တုတ်များအပါအဝင် လက်နက်များအသုံးပြု၍ အကြမ်းဖက်ခြင်းများ ပါဝင်ပါသည်။ အကြိမ်ကြိမ် ရိုက်နှက်ခြင်း၊ ဆောင့်ကန်ခြင်းနှင့် အသက်ရှူမရအောင် ဖိညှစ်ခြင်းကဲ့သို့ အလွန်ဆိုးရွားသော ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း အမှုများစွာရှိပါသည်။

အိမ်တွင်းအကြမ်းဖက်မှုအများစုသည် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲထားသော အိမ်ထောင်ဖက်များ (သို့) ရင်းနှီးကျွမ်းဝင်သူမှ အမျိုးသမီးများအပေါ် အကြမ်းဖက်ပြုကျင့်ခြင်းများဖြစ်သည်။ ၎င်းသည် တိုင်းရင်းသား ဒေသများရှိ အလုပ်လက်မဲ့ဖြစ်ခြင်း၊  သီးနှံများ မဖြစ်ထွန်းခြင်းတို့ကြောင့် စိတ်ကျရောဂါနှင့် အခြားသော စီးပွားရေးဆိုင်ရာ စိတ်ဖိစီးမှု၊ စိတ်ပူပန်မှုများနှင့် လူမှုရေး၊ စီးပွားရေးပြဿနာများနှင့် ဆက်နွယ်မှုရှိပါသည်။ ဝင်ငွေတည်ငြိမ်မှုမရှိခြင်း၊ ရွှေ့ပြောင်းနေထိုင်ရခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်းများသည် အိမ်တွင်းအကြမ်းဖက် ခြင်းအမှု တော်တော်များများကို ဖြစ်စေသည့် အကြောင်းတရားများဖြစ်ပြီး အမျိုးသားအိမ်ထောင်ဖက်မှ ၎င်း၏ မိသားစုအား ငွေကြေးလုံလောက်စွာ ထောက်ပံ့နိုင်မှုမရှိခြင်းသည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဦးတည်ဖြစ်ပွားစေသည့် အတွဲများကြားရှိ အငြင်းပွားမှုများ၏ အဓိက အကြောင်းတရားဖြစ်သည်။ လူမှုရေး ဆိုင်ရာ ကျား၊မ စံသတ်မှတ်ချက်များသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် အကြမ်းဖက်ခြင်းကို ဦးတည်ဖြစ်ပွား စေသည့် ဆင်းရဲနွမ်းပါးမှုနှင့် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းရှားပါးမှုဒဏ် ရင်ဆိုင်ကြုံတွေ့နေရသော အမျိုးသားများကို ၎င်းတို့၏ အိမ်ထောင်ဦးစီးတာဝန်အား ထမ်းဆောင်နိုင်ခြင်းမရှိဟု ခံစားရစေပါသည်။ အိမ်ထောင်ဖက် အမျိုးသားများမှ ဖောက်ပြန်ခြင်းသည်လည်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဖြစ်ပေါ်စေ သော ပြဿနာ၏ အဓိကအရင်းအမြစ်တစ်ခု ဖြစ်ကြောင်းကိုလည်း အစီရင်ခံတင်ပြခဲ့ပါသည်။ အမှုကိစ္စတစ်ခု ချင်း၏ အသေးစိတ်အချက်အလက်များက စီးပွားရေးဆိုင်ရာ မတည်ငြိမ်မှုသည် ဖြစ်ရပ်အားလုံးနီးပါး၏ အကြောင်းတရားတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပြီး မူးယစ်ဆေးဝါး အလွဲသုံးစားပြုခြင်းကို ဖြစ်ရပ်များ၏ ၃ ပုံ ၂ ပုံ လေ့လာတွေ့ရှိခဲ့ပါသည်။

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများမရှိခြင်းသည် ၎င်းတို့၏ ရင်းနှီးကျွမ်းဝင်သည့် အဖော်များနှင့် ဆက်ဆံရာတွင် လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ပိုင်ခွင့်များကို ဆုံးရှုံးစေကြောင်း အိမ်တွင်းအကြမ်းဖက်ခြင်းခံရသူများ အားလုံးနီးပါးမှ အစီရင်ခံတင်ပြခဲ့ပါသည်။ ဖြစ်ရပ်အားလုံးနီးပါးတွင် အမျိုးသမီးများအား စီးပွားရေးဆိုင်ရာ အားနည်းချက်သည် ၎င်းတို့ကို အကြမ်းဖက်သူထံမှ စွန့်ခွာရန် တားဆီးထားပြီး အိမ်ထောင်ဖက် (သို့) လက်တွဲ ဖော်ထံမှ ငွေကြေးအထောက်အပံ့ဆုံးရှုံးမည်ကို ကြောက်ရွံ့သောကြောင့် အကြမ်းဖက်မှုကျူးလွန်ခံရသူမှ အိမ်တွင်းအကြမ်းဖက်ခံရခြင်းအတွက် တရားမျှတမှု ရရှိရန်လုပ်ဆောင်ခဲ့ခြင်း မရှိပါ။ မိသားစုပြိုကွဲမည်စိုးရိမ် သောကြောင့် တွန့်ဆုတ်ခြင်း၊ လူမှုရေးဖိအားများနှင့် ဘာသာရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် အစီရင်ခံ တင်ပြခဲ့သော အခြားအရင်းခံအကြောင်းတရားများဖြစ်သည်။

ထို့ကြောင့် အိမ်တွင်းအကြမ်းဖက်မှု ကိန်းဂဏန်းသည် အမျိုးသမီးများကို ထိခိုက်နစ်နာစေသည့် လူမှုအသိုင်း အဝိုင်းမှ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသော ကျား၊မ လုပ်ပိုင်ခွင့်အာဏာ ညီမျှမှုမရှိခြင်းနှင့် တန်းတူညီမျှမှုမရှိသော စံသတ်မှတ်ချက်များကို ထင်ဟပ်စေပါသည်။ အောက်ဖော်ပြပါ ဇယား ၂ ကို ကြည့်ရှုရန်။

**ဇယား ၂ - အိမ်တွင်းအကြမ်းဖက်မှုကို ကျူးလွန်သူများ**





## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

အစီရင်ခံတင်ပြခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရပ်အားလုံးနီးပါးသည် ရင်းနှီးကျွမ်းဝင်သည့် အဖော်များက လိင်ဆက်ဆံရန် ငြင်းဆိုခြင်းကြောင့် ရိုက်နှက်ခြင်း (သို့) သူမ၏ စိတ်သဘောဆန္ဒမပါပဲ လိင်ဆက်ဆံရန် အတင်းအကြပ်ပြုမူခြင်းများမှတဆင့် ရင်းနှီးကျွမ်းဝင်သူများမှ ကျူးလွန်သော အကြမ်းဖက်မှု ဖြစ်သည်။

ထို့ကြောင့် အစီရင်ခံတင်ပြခဲ့သော အကြမ်းဖက်မှုဖြစ်ရပ်အများစုသည် (အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု) မတော်တဆမဟုတ်ဘဲ ရင်းနှီးကျွမ်းဝင်သူအမျိုးသားများမှ ၎င်းတို့၏ အမျိုးသမီးအဖော်မွန်များအပေါ် ဩဇာအာဏာနှင့် လုပ်ပိုင်ခွင့်ကို တင်စီးရန်နှင့် ဘဝအခက်အခဲများ ကြုံတွေ့ရသောကြောင့် ဖြစ်ပေါ်လာသော စိတ်ပျက်မှုများကို ဖြေရှင်းရန် နည်းလမ်းတစ်ခုဖြစ်သည်။

**ဇယား ၃ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကျူးလွန်သူများ**




## မုဒိမ်းမှုနှင့် မုဒိမ်းပြုကျင့်ရန် ကြိုးစားအားထုတ်မှု

မှတ်တမ်းတင်ပြုစုတင်ပြခဲ့သော မုဒိမ်းမှု ၁၃၃ မှုမှ ၈၀ ရာခိုင်နှုန်းအထက် အများစုတွင် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ၊ မိဘမဲ့ကလေးများနှင့် စီးပွားရေးအကြပ်အတည်း ရင်ဆိုင်နေရသော အမျိုးသမီးနှင့် မိန်းကလေးငယ်များကဲ့သို့ အထူးထိခိုက်လွယ်သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များပါဝင်ပါသည်။ မှတ်တမ်းတင်ပြုစုတင်ပြခဲ့သော မုဒိမ်းမှု ၈၀ ရာခိုင်နှုန်းအထက်တွင် (၁၃၃ မှုမှ ၁၀၉ မှု) အသက်အငယ်ဆုံး ၅ နှစ်အရွယ်အပါအဝင် အလွန်ငယ်ရွယ်သော အကြမ်းဖက်ခံရသည့် ကလေးငယ်များပါဝင်ပြီး မုဒိမ်းကျင့်ရန် အားထုတ်မှု


အမှုများတွင်လည်း ကလေးငယ်များ ထက်ဝက်ကျော်ခန့် (၁၀ မှုတွင် ၆ မှု) ပါဝင်ပါသည်။ ဤရာခိုင်နှုန်းသည် ၂၀၁၇ ခုနှစ်မတိုင်မီ တစ်နှစ်မှ အမှုပေါင်း ၁,၁၀၀ ထက် ပိုမိုမြင့်တက်လာသော အစီရင်ခံခဲ့သည့် မုဒိမ်းမှု အမှုပေါင်း ၁,၄၀၅ မှုအထိရှိသော အစိုးရ၏ တရားဝင်ကိန်းဂဏန်းထက် ပိုမြင့်မားပြီး ခန့်မှန်းခြေ ၃ ပုံ ၂ ပုံတွင် ကလေးသူငယ်များ ကျူးလွန်ခြင်းခံခဲ့ရပါသည်။[7]

ပဋိပက္ခဖြစ်နေသော ဒေသများမှ အချက်အလက်များကို တင်ပြခဲ့ခြင်းမရှိသော်လည်း အစိုးရ၏ လုံခြုံရေးအဖွဲ့များမှ ကျူးလွန်ခဲ့သော မုဒိမ်းမှု ၆ မှု ရှိခဲ့ပါသည်။


မုဒိမ်းမှုများ၏ ၅ ပုံ ၁ ပုံတွင် ကျူးလွန်သူများသည် ပထွေး (သို့) အခြားဆွေမျိုးသားချင်းကဲ့သို့ မိသားစုဝင်များဖြစ်သည်။ ဖြစ်ရပ်ထက်ဝက်ကျော်တွင် ကျူးလွန်သူများသည် အိမ်နီးချင်းများဖြစ်ပြီး အမှုဖြစ်ရပ်အားလုံးနီးပါးတွင် ကျူးလွန်သူသည် ရှင်သန်လွတ်မြောက်သူတို့၏ သိကျွမ်းသော သူများဖြစ်ပါသည်။ အမှုဖြစ်ရပ်အတော်အများတွင် အမျိုးသားများက ၎င်းတို့၏ အရွယ်အဝါနှင့် ဩဇာအာဏာကို အသုံးပြု၍ အမျိုးသမီးများနှင့် ကလေးငယ်များကို အကြမ်းဖက်မှုပြုကျင့်ကြသည်။ ကျေးရွာထဲရှိ သူစိမ်းများမှ ပြန်ပေးဆွဲကျူးလွန်ခဲ့သော မုဒိမ်းမှု အမှုအနည်းငယ်ရှိသည်။ အောက်ဖော်ပြပါ ဇယား ၄ ကို ကြည့်ရှုပါ။

မုဒိမ်းကျင့်ရန်အားထုတ်မှု အမှုအများစုတွင် အကြမ်းဖက်ခံရသောသူမှ ရင်းနှီးသော အိမ်နီးချင်းများပါဝင်ပါသည်။ ကျန်ဖြစ်ရပ်များတွင် လူမှုအသိုင်းအဝိုင်းမှ ဩဇာအာဏာရှိသော ပုဂ္ဂိုလ်များက ကျူးလွန်ခဲ့ခြင်းများရှိသည်။ အောက်ဖော်ပြပါ ဇယား ၅ ကို ကြည့်ရှုပါ။

### ဇယား ၄ - မုဒိမ်းမှုကျူးလွန်သူများ




### ဇယား ၅ - မုဒိမ်းကျင့်ရန်အားထုတ်မှု ကျူးလွန်သူများ



## လူကုန်ကူးခြင်း

လူကုန်ကူးခံရသည့် သူများသည် အလုပ်အကိုင်မရှိသော၊ လစာဝင်ငွေအနည်းငယ်သာရှိသော စီးပွားရေးအရ တည်ငြိမ်မှုမရှိသည့် အမျိုးသမီးငယ်များဖြစ်သည်။ အမှုဖြစ်ရပ်အများစုတွင် အမျိုးသမီးများစုသည် ပွဲစားများမှ ပြည်ပတွင် ပိုမိုကောင်းမွန်သည့် အလုပ်အခွင့်အလမ်းများနှင့် လစာများ ရရှိမည်ဟု လိမ်လည်ကတိပေးခြင်းများ ခံကြရသည်။ ဤကတိကဝတ်များ စောင့်ထိန်းခြင်းမရှိဘဲ အိမ်ထောင်ပြုပေးခြင်းနှင့် ကလေးမွေးပေးရန် ရည်ရွယ်ချက်များဖြင့် တရုတ်နိုင်ငံသို့ လူကုန်ကူးခံခဲ့ကြရသည်။[8]

## အခြားဖြစ်ရပ်အမှုများ

အခြားဖြစ်ရပ်များအား အစီရင်ခံတင်ပြခဲ့သော ဖြစ်ရပ်များတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း၊ ကလေးသူငယ်များကို ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ လိင်ကျွန်ပြုခြင်း၊ လိမ်လည်ကတိပေးခြင်းနှင့် အိမ်ထောင်ရေးဖောက်ပြန်ခြင်းကဲ့သို့ လက်ထပ်ထိမ်းမြားမှုဆိုင်ရာအမှုများပါဝင်ပါသည်။

# အကြမ်းဖက်ခြင်းခံရမှုမှ ရှင်သန်လွတ်မြောက်သူများအတွက် တရားမျှတရေးလက်လှမ်းမီမှု ခြုံငုံသုံးသပ်ခြင်း

WLB မှ လက်ခံရရှိထားသော မှတ်တမ်းတင်ပြုစုထားသည့် အစီရင်ခံစာများက ကျား၊မအခြေပြု အကြမ်းဖက်ခံရမှုမှ ရှင်သန်လွတ်မြောက်သူများသည် လက်ရှိအချိန်အထိ တရားမျှတမှုရရှိခြင်းမရှိသည်ကို ဖော်ပြလျှက်ရှိသည်။ အတည်ပြုစစ်ဆေးခဲ့သော ဖြစ်ရပ် ၄၆၉ မှုတွင် အကြမ်းဖက်ခံရသူ ၃ ပုံ ၁ ပုံသာ တရားစီရင်ရေးစနစ်ကို လက်လှမ်းမီခဲ့သည်။ အမှုဖြစ်ရပ်အရေအတွက် အစစ်အမှန်သည် ပိုမိုမြင့်မားပြီး အစီရင်ခံတင်ပြခဲ့သော ဖြစ်ရပ်များသည် အမှုခင်းများကို တိုင်ကြားရန် ကိုယ်ပိုင်စွမ်းရည်နှင့် အရင်းအမြစ်များရှိသော အကြမ်းဖက်ခံရသူများကိုသာ ကိုယ်စားပြုသောကြောင့် တရားဝင်တရားစီရင်မှုစနစ်မှ တဆင့်ဖြေရှင်းခဲ့သော ဖြစ်ရပ်စုစုပေါင်းရာခိုင်နှုန်းသည် အလွန်နည်းပါးလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

တရားရုံးများသည် ကျေးလက်ဒေသများနှင့် ဝေးကွာသော နေရာတွင် တည်ရှိခြင်း၊ အသွား၊ အပြန်ပြုလုပ်ရန်နှင့် ဆုံးရှုံးသွားသော ဝင်ငွေများကို အစားထိုးပြန်လည်ရရှိနိုင်ရန် လိုအပ်ခြင်းက အတော်အတန်ထည့်သွင်းစဉ်းစားရမည့် အချိန်နှင့် ငွေရင်းနှီးမြုပ်နှံမှုတစ်ခုဖြစ်ခြင်းကြောင့် သွားလာပို့ဆောင်ရေးသည် အလွန်ကြီးမားသည့် အခက်အခဲတစ်ခုအနေဖြင့် ရှိနေပါသည်။ တိုင်းရင်းသူအမျိုးသမီးများမှ မြန်မာဘာသာစကား တတ်မြောက်မှု နည်းခြင်းကြောင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲအတားအဆီးများ ကြုံတွေ့ရပြီး တရားစီရင်ရေး လုပ်ငန်းစဉ်တွင် ပြောဆိုသော အကြောင်းအရာများကို နားလည်နိုင်ခြင်းမရှိပါ။


ဖြစ်ရပ်များ၏ ၄ ပုံ ၁ ပုံသည် အကြမ်းဖက်ခံရသူမိသားစုများကို ငွေကြေးပေးခြင်း၊ အကြမ်းဖက်ခံရသူကို အိမ်ထောင်ချပေးခြင်း (သို့မဟုတ်) အခြားသော တရားဝင်မဟုတ်သော ဖြေရှင်းနည်းများပါဝင်သည့် ပုံစံတကျမဟုတ်သော တရားစီရင်ရေးယန္တယားမှ ဖြေရှင်းခဲ့ကြသည်။ ပုံစံတကျ မဟုတ်သော တရားစီရင်ရေးယန္တယားသည် အကြမ်းဖက်ခံရသူများ၏ လိုအပ်ချက်များကို ဦးစားပေးရမည့် အရာများဟု သတ်မှတ်မှုမရှိခြင်း၊ လူမှုအသိုင်းအဝိုင်း၏ အရေး (သို့) မိသားစုအရေးဟုသာ ရှုမြင်သောကြောင့် အကြမ်းဖက်ခံရသူများအား ညှိနှိုင်းဆွေးနွေးရာတွင် ပါဝင်စေခြင်းမရှိသောကြောင့် အကြမ်းဖက်ခံရသူများအတွက် စစ်မှန်သော တရားမျှတမှုရရန် လုပ်ဆောင်နိုင်စွမ်းမရှိပါ။

သတင်းအချက်အလက်များသည် မည်သည့် တရားစီရင်ရေးစနစ်ကို အသုံးပြု၍ ဖြေရှင်းသည်ဖြစ်စေ ကျူးလွန်သူ၏ အနေအထားသည် တရားစီရင်ရေး ရလဒ်များအပေါ် အကျိုးသက်ရောက်မှုများရှိခဲ့ကြောင်းကိုလည်း ဖော်ပြနေပါသည်။ အမှုဖြစ်ရပ်တော်တော်များများတွင် စစ်တပ် (သို့မဟုတ်) ရဲကဲ့သို့ အာဏာပိုင်ပုဂ္ဂိုလ်များ

နှင့် အဆက်အသွယ်ရှိသော ကျူးလွန်သူများကို အရေးယူ တာဝန်ခံမှုမရှိခြင်း (သို့မဟုတ်) သက်ညှာစွာ ကိုင်တွယ်ခဲ့ခြင်း များရှိသည်။


အမှုဖြစ်ရပ် ၄၀ ရာခိုင်နှုန်းနီးပါး ဖြေရှင်းနိုင်ခဲ့မှုမရှိသောကြောင့် အကြမ်းဖက်ခံရသူများ တရားမျှတမှုရရှိရန် မည်သည့် လုပ်ဆောင်ချက်အကူအညီများ မရရှိခဲ့ပါ။ အောက်ဖော်ပြပါ ဇယား ၆ ကို ကြည့်ရှုပါ။

**ဇယား ၆ - တရားမျှတမှုလက်လှမ်းမီခြင်းဆိုင်ရာ စုစုပေါင်းအမှုဖြစ်ရပ်များ**




မုဒိမ်းမှုအကြမ်းဖက်ခံရခြင်းခံရသူများမှ တရားမျှတမှုရရှိရေးကိစ္စနှင့်ပတ်သက်၍ လူ ၃ ဦးတွင် ၁ ဦးသည် (၁၃၃ ဦးမှ ၄၅) ကုန်ကျမှုစရိတ်နှင့် ဘာသာစကားအခက်အခဲများအပါအဝင် တရားစီရင်ရေးလုပ်ငန်းစဥ် နှင့်ဆိုင်သော အခက်အခဲများကြောင့် တရားဝင် တရားစီရင်ရေးစနစ်မှတစ်ဆင့် ဖြေရှင်းရန် ရှောင်ရှားခဲ့ကြသည်။ တရားဝင်လမ်းကြောင်းမှတစ်ဆင့် စစ်ဆေးဆုံးဖြတ်ချက်ချခဲ့သော အမှုများတွင် (၁၃၃ မှုမှ ၈၈ မှု) အမှုဖြစ်ရပ် ၅၇ မှုအား အပြစ်ရှိကြောင်း စီရင်ချက်ချမှတ်နိုင်ခဲ့ပြီး ထောင်ဒဏ် ၂ နှစ်မှ ၂၀ နှစ် အထိအပြစ်ပေး အရေးယူထောင်ချမှတ်ခဲ့သည်။ ကျန်ရှိသော အမှုဖြစ်ရပ် ၃၁ မှု သည် တရားစွဲဆိုနေဆဲဖြစ်ပြီး၊ အမှုဖြစ် ရပ် ၂၂ မှုသည် ပုံစံတကျ မဟုတ်သော တရားစီရင်ရေးစနစ်မှတစ်ဆင့် စေ့စပ်ညှိနှိုင်းကျေအေးခြင်း၊ အကြမ်းဖက်ခံရသူအား လက်ထပ်ပေးခြင်း (သို့မဟုတ်) လျော်ကြေးပေးခြင်းစသည့် နည်းလမ်းများဖြင့် ဖြေရှင်းခဲ့ကြသည်။ ရှင်သန်လွတ်မြောက်သူများမှ ၎င်းတို့၏ မိသားစုနှင့် ရွာလူကြီးများမှ အမှုဖြစ်ရပ်များကို ကျေအေးပေးရန် ဖိအားပေးခံရကြောင်းလည်း အစီရင်ခံခဲ့ပါသည်။ ရှင်သန်လွတ်မြောက်သူအများစုသည် ထိလွယ်ရှလွယ်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်းနှင့် တရားဝင် တရားစီရင်ရေးမှ တစ်ဆင့်ဖြေရှင်းရန် မတတ်နိုင်ခြင်းကြောင့် လျော်ကြေးကို လက်ခံ၍အမှုကြေအေးပေးရန်ဖိအားပေးခံရကြသည်။ အောက်ဖော်ပြပါ ဇယား ၇ ကို ကြည့်ရှုပါ။

**ဇယား ၇ - မုဒိမ်းမှုဖြစ်ရပ်များအတွက် တရားမျှတမှုလက်လှမ်းမီရယူနိုင်ခြင်း**



# အကြမ်းဖက်ခံရသူများအား ဝန်ဆောင်မှုများအပေါ် ခြုံငုံသုံးသပ်ချက်

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) ထံသို့ ပေးပို့သော သတင်းအချက်အလက်များအရ ရှင်သန်လွတ်မြောက်လာသူများအတွက် ပေးအပ်သော ဝန်ဆောင်မှုနှင့် ကာကွယ်စောင့်ရှောက်မှုများတွင် ကြီးမားသော ကွာဟချက်ရှိနေသည်ကို ဖော်ပြနေသည်။ လွတ်မြောက်လာသူများသည် တရားဝင်လမ်းကြောင်းအတိုင်း ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ အခွင့်အလမ်းများနှင့် ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဆေးကုသမှုဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော အကူအညီအထောက်အပံ့များ မရရှိကြပါ။ ထို့အပြင် ကျူးလွန်ခံရသူအများစုသည် တားမြစ်မိန့်များကဲ့သို့ အမိန့်များမှတစ်ဆင့် မည်သည့်အလွတ်သဘော (သို့) တရားဝင်လမ်းကြောင်းမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အစီအမံများ လက်လှမ်းမီရရှိခဲ့ခြင်းမရှိပါ။ အကျိုးဆက်အနေဖြင့် ရှင်သန်လွတ်မြောက်လာသူ အများအပြားသည် အကြမ်းဖက်မှုခံရပြီး ကြာမြင့်သည့် အချိန်ကာလတွင်ပင် သူတို့၏ ရပ်ရွာလူမှု အသိုင်းအဝိုင်းများအကြားတွင် စိတ်ဒဏ်ရာများနှင့် လုံးပန်းရှင်သန်နေကြရပြီး အသရေဖျက်မှုများကို ရင်ဆိုင်ကြုံတွေ့ရသည်။ ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်ခြင်းဆိုင်ရာ ခြိမ်းခြောက်မှုဒဏ်ကိုလည်း အမျိုးသမီးအများစုမှာ ကြုံတွေ့နေရပါသည်။

ဥပဒေအထောက်အကူပြု ဝန်ဆောင်မှုအနည်းငယ်သာ ရရှိသည့်အတွက် ရှင်သန်လွတ်မြောက်လာသူများသည် တရားစွဲဆိုခြင်းများ မပြုလုပ်လိုကြပေ။ အထူးသဖြင့် တိုင်းရင်းသားဒေသများမှ အကြမ်းဖက်ခံရသူများ သည် တရားစွဲဆိုသည့် လုပ်ငန်းစဉ်အား တစ်ခါတစ်ရံ ၎င်းတို့ နားမလည်သည့် ဘာသာစကားများဖြင့် လုပ်ကိုင်ဆောင်ရွက်သဖြင့် တရားစီရင်ရေးစနစ်ကို မည်သို့ လက်လှမ်းမီဝင်ရောက်၊ ဆွေးနွေးပြီး နားလည်အောင် လုပ်ဆောင်ရမည်နှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်များ အလွန်လိုအပ်ခဲ့ပါသည်။ စိတ်ပိုင်းနှင့် ဆေးကုသမှုဆိုင်ရာ ပံ့ပိုးဝန်ဆောင်မှုများလည်း လုံလောက်ခြင်းမရှိဘဲ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ တိုးပွားလျှက်ရှိပါသည်။

တိုင်းရင်းသားဒေသများတွင် အစိုးရ၏ အထောက်အပံ့အကူအညီများ နည်းပါးသောကြောင့် ဒေသခံ အရပ်ဖက်လူမှုအဖွဲ့အစည်း (CSOs) များသည် အကြမ်းဖက်ခံရသူများအတွက် တစ်ခုတည်းသော အကူအညီရရာနည်းလမ်းဖြစ်သည်။ ဒေသခံအဖွဲ့များသည် မိမိတို့ တတ်နိုင်သလောက် အကူအညီပေးနေသော်လည်း ပြဿနာ၏ အတိမ်အနက်အရ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ရန်ပုံငွေနှင့် သင်တန်းများ မရရှိကြသောကြောင့် လွတ်မြောက်လာသူအနည်းငယ်ကိုသာ ကြုံသလို/အလျဥ်းသင့်သလို အထောက်အပံ့ပေးနိုင်ပါသည်။ အစီရင်ခံစာများတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများမှ အကာအကွယ်ပေးရန်၊ ရှင်သန်လွတ်မြောက်လာသူများအား လူမှုရေး၊ ဥပဒေရေးရာ၊ ဆေးကုသမှုဆိုင်ရာနှင့် အခြားဝန်ဆောင်မှုများကို လုံလောက်စွာပေးရန်နှင့် ပြစ်မှုကျူးလွန်သူများကို တာဝန်ခံမှုရှိစေရန်အတွက် အစိုးရအဆင့်တွင် များစွာလုပ်ဆောင်ရန် လိုအပ်နေကြောင်း ဖော်ပြထားပါသည်။

**အချိုးအကွေ့တိုင်းရှိ အတားအဆီးများ - ရှင်သန်လွတ်မြောက်လာသူများမှ ရင်ဆိုင်ကြုံတွေ့ရသော ဥပဒေရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ**

# အခက်အခဲအတားအဆီးများ

အထက်တွင်ဖော်ပြထားသည့် မှတ်တမ်းတင်ထားသော ဖြစ်ရပ်များသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသူအမျိုးသမီးများအား ထိခိုက်နစ်နာစေပြီး ကျား၊မအခြေပြု အကြမ်းဖက်မှုများအပေါ်တွင် စစ်မှန်သောတာဝန်ခံမှု ရှိစေရန် တားဆီးနေသည့် ရှုပ်ထွေးရောနှောနေသောအင်အားစုများကို မီးမောင်းထိုးပြသည့် ဘုံလမ်းကြောင်းများ၊ အကြောင်းအရင်းများနှင့် အတွေ့အကြုံများကို ဖော်ပြထားသည်။ ယေဘူယျအားဖြင့် ၎င်းအချက်များမှာ - ပြည့်စုံလုံလောက်ခြင်းမရှိသော ပြည်တွင်းဥပဒေစနစ်၊ လူမှုရေး၊ ဥပဒေရေးရာ၊ ဆေးကုသမှုဆိုင်ရာနှင့် အခြား ဝန်ဆောင်မှုများ မရှိခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်းမှ တန်းတူညီ မျှမှုမရှိသော ကျား၊မရေးရာ စံသတ်မှတ်ချက် များဖြစ်သည်။

# တရားမျှတမှုရရှိရန် အတားအဆီးများ

**ကျား၊မ အခြေပြုအကြမ်းဖက်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ပြည့်စုံလုံလောက်ခြင်းမရှိသော ပြည်တွင်းတရားစီရင်ရေးစနစ်။**

## ပြည့်စုံလုံလောက်ခြင်းမရှိသော ပြည်တွင်းတရားစီရင်ရေးမူဘောင်

ကျား၊မ အခြေပြုအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအားလုံးသည် ကျူးလွန်သူတရားခံများကို တရားမျှတမှု ဆောင်ကြဉ်းနိုင်ရန် တရားစီရင်ရေးများစီစဉ်ရာတွင် ကြီးမားသော အတားအဆီးများနှင့် ရင်ဆိုင်ကြရသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်နှင့် ခေတ်နှင့်မညီသော ကိုလိုနီခေတ်ရာဇဝတ်မှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဥပဒေများသည်  လုံလောက်စွာ အကာအကွယ်မပေးနိုင်ခြင်း၊ ကျား၊မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ရာဇဝတ်မှုများ၏ အတိမ်အနက်ကို ပြည့်စုံလုံလောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိခြင်း၊ ခေတ်နောက်ကျသော အယူအဆများနှင့် ပုံသေကားကျ အတွေးအခေါ်များကိုသာ ကိုယ်စားပြုနေခြင်းနှင့် နိုင်ငံတကာစံနှုန်းများနှင့်လည်း မကိုက်ညီခြင်းကြောင့်ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် အမျိုးသမီးများကို အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ရန် သို့မဟုတ် ကန့်သတ်ချက်အမိန့်များ ထုတ်ပြန်ဆောင်ရွက်နိုင်ရန် ပြည့်စုံသော ဥပဒေမရှိခြင်းနှင့် ပြဋ္ဌာန်းထားသော ဥပဒေများသည်လည်း တစ်ခုနှင့် တစ်ခု ထပ်နေပြီး ရှေ့နောက်မညီခြင်းကြောင့် တရားမျှတမှုရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုရှုပ်ထွေးစေသည်။[9] လက်ရှိတရားစီရင်ရေး မူဘောင်သည်လည်း လုံးဝပြည့်စုံခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါ မုဒိမ်းမှုအယူအဆတွင် အိမ်ထောင်ဖက်များမှ ကျူးလွန်သည့် ကိစ္စရပ်များကို ချန်လှပ်ထားခြင်း၊ အမျိုးသားများကိုသာ ကျူးလွန်သူအဖြစ်လက်ခံခြင်း၊ အဓမ္မပြုကျင့်မှုအဖြစ် ထိုးသွင်းမှုရှိမှသာ မုဒိမ်းမှုမြောက်သည်ဟု ကန့်သတ်ထားခြင်းနှင့်  အမျိုးသားများနှင့် ယောကျ်ားလေးငယ်များ၏ မုဒိမ်းမှုကို ဖယ်ထုတ်ထားခြင်းစသည့် ခေတ်မမီတော့သော အယူအဆများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရည်ညွှန်းအသုံးပြုနေသောကြောင့် ဖြစ်သည်။[10]

တာဝန်ခံမှုကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ပေးရေးဥပဒေ (‘PoVAW Law’) ကို ၂၀၁၃ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပြီး နောက်ဆုံးတွင် ၂၀၂၀ ခုနှစ်

ဇန်နဝါရီလတွင် ပါလီမန်/လွှတ်တော်တွင် ဥပဒေမူကြမ်းကို စတင်မိတ်ဆက်ခဲ့သည်။ ခုနစ်နှစ်အကြာ မူကြမ်းရေးဆွဲပြီးနောက်တွင် PoVAW ဥပဒေသည် အရေးကြီးသည့် အရေးကိစ္စများကို ပြည့်စုံလုံလောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိသေးပါ။ ထို့အပြင် ဤဥပဒေသည် အစိုးရအဖွဲ့များမှ ကျူးလွန်သည့် ပဋိပက္ခနှင့် ဆက်စပ်ဖြစ်ပေါ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (CRSV) ကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိခြင်းအပါအဝင် အကြမ်းဖက်ခံရသူများကို အကာအကွယ်ပေးရေးနှင့် ကုစားခွင့်နှင့် နစ်နာမှုအတွက် လျော်ကြေးများပေးရေး လုပ်ဆောင်ရာတွင် နိုင်ငံတကာဥပဒေစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု လုံးဝမရှိပေ။[11] တကယ့်လက်တွေ့တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင် အကာအကွယ်ပေးထားခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ၊ ၁၉၉၅ ခုနှစ် ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး ဥပဒေများကြောင့် စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ကျူးလွန်သည့် ပဋိပက္ခနှင့် ဆက်စပ်ဖြစ်ပေါ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (CRSV) အတွက် တာဝန်ခံစေခြင်း အလွန်ရှားပါးသည်။[12]

PoVAW Law ၏ စိုးရိမ်ဖွယ် ချို့ယွင်းချက်အချို့နှင့် ပျက်ကွက်မှုအချို့မှာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ အဓိပ္ပါယ်ဖွင့်ဆိုရန် ပျက်ကွက်ခြင်း (မုဒိမ်းမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုနှင့် သဘောတူညီချက် တောင်းဆိုခြင်းစသည့် အဓိပ္ပါယ်များ)၊ အရေးပေါ် အစီအစဉ်များနှင့် ကာကွယ်ရေးဆိုင်ရာ အမိန့်များသည် ပြည့်စုံမှုမရှိခြင်း၊ နှေးကွေးခြင်းနှင့် ဖြစ်စဉ်များမှာ ခက်ခဲရှုပ်ထွေးခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ပြည့်စုံလုံလောက်စွာ မရှိခြင်းနှင့် ပြည့်စုံလုံလောက်သည့် အကူအညီမဖြစ်မနေ ပေးရန် ဥပဒေကြောင်းအရ ပျက်ကွက်ခြင်း၊ အကြမ်းဖက်ခံရသူ၏ ထိခိုက်နစ်နာမှုနှင့်ဆိုင်သော ထုတ်ပြန်ချက်များ အပါအဝင် သက်သေများကို ထိန်းသိမ်းကာကွယ်ရန် အစီအမံများ တည်ဆောက်ရန် ပျက်ကွက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်များတွင် အမျိုးသမီးများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း (CSOs) များအား ဘေးဖယ်ထားခြင်း၊ ဥပဒေအရ ပြဋ္ဌာန်းထားသည့် ရန်ပုံငွေအရင်းအမြစ်မရှိခြင်း၊ တရားရေးဆိုင်ရာ ဆောင်ရွက်သူများတွင် ညီညွတ်မှုမရှိခြင်းနှင့် ဝန်ဆောင်မှု ပံ့ပိုးပေးသူအတွက် လေ့ကျင့်ရေးသင်တန်းများ လစ်ဟာနေခြင်းတို့ ပါဝင်သည်။[13]

ဤအရေးကိစ္စနှင့်ပတ်သက်၍ အကောင်းဆုံး အလေ့အကျင့်များ လွယ်လင့်တကူ ရရှိနိုင်သည့် လမ်းညွှန်မှုများ နိုင်ငံတကာဥပဒေက ပေးထားသော်လည်း အစိုးရအနေဖြင့် အမျိုးသမီးများအပေါ် ထိခိုက်နစ်နာနေမှုများကို ကာကွယ်ပေးရန်အတွက် တာဝန်ယူမှုနှင့် ပတ်သက်၍ အလေးအနက်မထားကြောင်း ဤဥပဒေမူကြမ်း၏ ဘက်ပေါင်းစုံမှ ကျရှုံးနေမှုက ဖော်ပြနေသည်။ လက်တွေ့တွင် အစိုးရအနေဖြင့် ၎င်း၏ ဆန္ဒအလျောက် နိုင်ငံတကာကိုပေးခဲ့သော ကတိကဝတ်များ အရ ပဋိပက္ခ အပါအဝင် အခြေအနေအားလုံးတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ ကာကွယ်ရန် ပြည်တွင်းတရားစီရင်ရေး မူဘောင်ကို နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေမှုရှိစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။[14] အထူးသဖြင့် မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (သို့) တနည်းအားဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုမှ ကင်းလွတ်ခွင့်ရှိကြောင်းပြဋ္ဌာန်းထားသည့် (CEDAW) သဘောတူလက်မှတ်ရေးထိုးထားခြင်း၊ ကလေးသူငယ်များ ဆိုင်ရာ နိုင်ငံတကာသဘောတူညီစာချုပ် (CRC)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်နှင့် ပဋိပက္ခကြားတွင်းရှိ အမျိုးသမီးများအတွက် ကုလသမဂ္ဂအမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပြင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့် နိုင်ငံ၏ တာဝန်ဝတ္တရားဆိုင်ရာ ဥပဒေများအရ တာဝန်ဝတ္တရားရှိပါသည်။[15]

အစိုးရအနေဖြင့် ပြည်တွင်းတရားစီရင်ရေးမူဘောင်တွင် အမျိုးသမီးများအား ကျား၊မ အခြေပြု အကြမ်းဖက်မှုမှ ကာကွယ်ရန်နှင့် နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကို ပြည်တွင်းဥပဒေနှင့် ပေါင်းစပ်ရန် ပျက်ကွက်ခဲ့သည်။ နောက်လာမည့် သက်တမ်းအတွင်း NLD ဦးဆောင်သည့် အစိုးရသည် ကျား၊မ အခြေပြု အကြမ်းဖက်မှုများအတွက် တာဝန်ခံမှုရှိစေရန်နှင့် နိုင်ငံတကာဥပဒေများနှင့် လိုက်လျောညီထွေမှု ရှိစေရန် ပြည်တွင်းဥပဒေများကို ပြုပြင်ပြောင်းလဲရမည်။ CRSV အပါအဝင် ကျား၊မအခြေပြု အကြမ်းဖက်မှုများ အတွက် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ကို ဆက်လက်ခိုင်မာနေစေသည့် ဥပဒေများကို NLD

အစိုးရမှ ဖျက်သိမ်းရမည်။ ထို့အပြင် ကျား၊မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများကို မြန်ဆန်စွာ ဆောင်ရွက်စေရမည်။ NLD အစိုးရသည် ရှင်သန်လွတ်မြောက်သူများအတွက် တရားဝင်ဝန်ဆောင်မှုများ လွယ်လင့်တကူ လုံလုံလောက်လောက် ရရှိစေရမည်။ တိုင်းရင်းသား ဒေသများတွင် CRSV ၏ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန်အတွက် လွတ်လပ်သော ဘုတ်အဖွဲ့တစ်ခု တည်ထောင်ရမည်။[16]

## ထိရောက်မှုမရှိခြင်း၊ ပြည့်စုံလုံလောက်သော သင်ကြားပို့ချမှုမရှိခြင်းနှင့် တရားစီရင်ရေး၊ ရဲနှင့် အခြားသော တရားရေးဆိုင်ရာပုဂ္ဂိုလ်များ၏ အကျင့်ပျက်ချစားမှု။

မြန်မာနိုင်ငံရှိ ပြည်သူ့တရားရုံးများ၏ တရားဝင်တရားစီရင်ရေးစနစ်သည် ထိရောက်မှုမရှိရုံသာမက ဆိုးရွားစွာ အားနည်းနေပြီး တရားစီရင်ရေးစနစ်အပေါ်တွင် ပြည်သူလူထုမှု၏ မယုံကြည်မှုမှာ အလွန်မြင့်မားသည်။ ကမ္ဘာ့တရားမျှတမှုစီမံကိန်းမှ နှစ်စဉ်ပြုလုပ်သော တရားဥပဒေစိုးမိုးရေးဆိုင်ရာ စစ်တမ်းတွင် နိုင်ငံပေါင်း ၁၂၈ နိုင်ငံအနက် မြန်မာနိုင်ငံသည် ၁၁၂ အဆင့်တွင်ရှိပြီး ၂၀၁၅ ခုနှစ်ကတည်းက ၎င်း၏ အဆင့်သည် မပြောင်းဘဲ ရှိနေသည်။[17] တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှုမရှိသည့်အပြင် ရှင်သန်လွတ်မြောက်လာသူ အများစုသည် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ကုန်ကျစရိတ်နှင့် ခရီးအကွာအဝေးစသည့် သွားလာပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများနှင့် ပတ်သက်ပြီး အသိပညာကွာဟမှုလည်း ရှိနေသည်။ ဤအချက်များက ရှင်သန်လွတ်မြောက်သူတို့အား တရားမျှတမှုယန္တရားများဆီမှ အကူအညီတောင်းခံရန် တားဆီးနေသည်။[18]

အမျိုးသားများကသာ အဓိကလွှမ်းမိုးကြီးစိုးမှုရှိသည့် ဒေသအတွင်းရှိ အာဏာပိုင်များကို အကြမ်းဖက်ခံရသည့် အမှုကိစ္စများတိုင်ကြားမှုမှာ ထိရောက်မှုမရှိနိုင်ပေ။[19] ဒေသန္တရခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ရှိ တရားရုံးများက တရားရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ အလွန်အကျွံ ဩဇာလွှမ်းမိုးနေမှုနှင့် အကျင့်ပျက်ချစားမှုများကြောင့် ပြစ်ဒဏ်စီရင်မှုများချမှတ်နိုင်သည့်သည့် စွမ်းဆောင်ရည် ကန့်သတ်မှုများရှိနေသည်ကို WLB က မှတ်တမ်းတင်ထားသည်။[20] အပြစ်ပေးအရေးယူခြင်းဆိုင်ရာ တရားရေးစနစ်သည် ရာထူးအဆင့်ဆင့်ရှိ တရားသူကြီးများ၊ အစိုးရရှေ့နေများ သို့မဟုတ် ရဲများအတွက် ထိလွယ်ရှလွယ်မှုရှိသော အကြောင်းအရာများကို သေချာလေ့လာသင်ကြားမှုများ မရှိခဲ့သည့်အတွက် ရှင်သန်လွတ်မြောက်သူများက တရားရေးစနစ်ကို ယုံကြည်ရန်နှင့် တရားများ တမှုရရှိရန်အတွက် ဖော်ဆောင်မှုမှာ ခက်ခဲနေစဲဖြစ်သည်။[21]

### တရားရေးစနစ်၏ ပြည့်စုံမှုမရှိခြင်းနှင့် ထိလွယ် ရှလွယ်သောအကြောင်းအရာများအပေါ် အလေးအနက်မထားခြင်း

ခြားနားသည့် ဉာဏ်ရည်ရှိပြီး စကားပြောနိုင်စွမ်း အကန့်အသတ်ရှိသော အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် အစိုးရပံ့ပိုးထားသော စည်ပင်သာယာအိမ်ရာတွင် ၎င်း၏ အဒေါ်ဖြစ်သူနှင့်အတူ နေထိုင်ကြသည်။ ဖားနာလာသည့်အတွက် ဆေးရုံတက်ခဲ့ရပြီး ဆရာဝန်များ စစ်ဆေးလိုက်သောခါတွင် သူမမှာ ကိုယ်ဝန် ၆ လရှိသည်ကို သိရှိခဲ့ရသည်။ ဆရာဝန်များနှင့် ၎င်းအဒေါ်တို့၏ ဆက်လက်စုံစမ်းစစ်ဆေးမှုအပြီး သိရှိရသည်မှာ သူမအဝတ်လျှော်နေစဉ် အိမ်နီးချင်း အမျိုးသားမှ မုဒိမ်းပြုကျင့်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မုဒိန်းမှုကျူးလွန်သူမှာ စည်ပင်သာယာဌာန၏ ကြီးကြပ်ရေးမှူးဖြစ်သလို စည်ပင်သာယာအိမ်ရာမှူးလည်းဖြစ်သည်။ ပြုကျင့်သူအမျိုးသားက ပြုကျင့်ခံရသူအမျိုးသမီး အနေဖြင့် အခြားသူများကို ပြောပြပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ အဆိုပါ မုဒိမ်းပြုကျင့် ခံရသူအမျိုးသမီး၏ ခြားနားသော ဉာဏ်ရည်နှင့် စကားပြောနိုင်စွမ်း အကန့်အသတ်ကြောင့် ဖော်ပြပါ မုဒိမ်းမှုကို တရားသူကြီးအနေဖြင့် ပယ်ချခဲ့သည်။

**(ဧပြီ လ ၂၇၊ ၂၀၁၈. စည်ပင်သာယာပြည်သူ့အိမ်ရာ၊ ထားဝယ်မြို့နယ်၊ TWU)**

ရဲအရာရှိများသည် ပုံမှန်အားဖြင့် တိုင်ကြားလာသော ကျား၊မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ အမှုများကို တတ်ကြွစွာ အရေးတယူ ကိုင်တွယ်ဆောင်ရွက်ပေးခြင်းမရှိသလို အကျင့်ပျက်ခြစားမှုများလည်း ကျယ်ကျယ်ပြန့်ပြန့်ရှိနေပါသည်။[22] ယင်းဖြစ်ရပ်များက တရားစီရင်ရေးရာ လုပ်ထုံးလုပ်နည်းများအပေါ် မယုံကြည်စေခြင်းကို ဖြစ်ပေါ်စေပါသည်။ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များသည် ထိလွယ်ရှလွယ်ဖြစ်သော အကြောင်းအရာများဆိုင်ရာ သင်တန်းများ လုံလောက်စွာ မရရှိထားခြင်း၊ သက်သေအချက်အလက်များ စုဆောင်းခြင်းနည်းနာများ၊ ရဲများမှ ငွေပေးချေရန် တောင်းဆိုခြင်း၊ မှတ်တမ်းများအား စနစ်တကျပြုစုထားမှုမရှိခြင်းနှင့် လူသားအရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်များ လုံလောက်စွာ မရှိခြင်းကြောင့် စုံစမ်းစစ်ဆေးမှု များမှာ နှောင့်နှေးနေကြသည်။[23] ထို့အပြင် ရဲအရာရှိများအနေဖြင့် ဥပဒေမှ လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြား ထားမှုမရှိသည့် လိင်အင်္ဂါဒဏ်ရာအနာတရရှိမရှိ သို့မဟုတ် တိုက်ခိုက်ခံရစဉ် ဆင်မြန်းထားသော အဝတ်များကို အထောက်အထားအဖြစ် ရယူရမည့် ကိစ္စများအတွက်လည်း တာဝန်ယူလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။[24] ဤကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ရန် တွန့်ဆုတ်နေမှုသည် အခြားဆက်စပ်ရာ ပုဂ္ဂိုလ်များကိုပါ ရိုက်ခတ်မှုရှိစေပါသည်။ ဥပမာ ၂၀၁၄ အရေးပေါ် စောင့်ရှောက်မှုနှင့် ကုသမှုဆိုင်ရာ ဥပဒေမူကြမ်းကို အတည်ပြုထားသော်လည်း ရဲအစီရင်ခံစာ တင်သွင်းခြင်းမရှိပါက ဆေးရုံများသည် အကြမ်းဖက်ခံရသူများအား ကုသမှုပြုလိမ့်မည်မဟုတ်ပါ။[25] ဤအမှုကိစ္စ ရပ်လမ်းကြောင်းများသည် CRSV အမှုများကဲ့သို့ ကျူးလွန်သူများသည် အာဏာ သို့မဟုတ် ငွေကြေးရှိပါက ပြဿနာပိုမိုဆိုးရွားစေပါသည်။

WLB သို့ပေးပို့လာသော မှတ်တမ်းမှတ်ရာများအရ တရားစီရင်ရေးနှင့် လုံခြုံရေးကဏ္ဍများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကောင်းကျိုးကို ဦးစားပေးထားခြင်းမရှိသလို တရားသူကြီးများ၊ ဒေသန္တရတရားရေးအရာရှိများ (သို့မဟုတ်) ရဲအရာရှိများမှ ကျား၊ မအခြေပြုအကြမ်းဖက်မှုအပေါ် “ရှင်သန်လွတ်မြောက်သူဗဟိုပြု” ချဉ်းကပ်မှုကို အသုံးပြုသည့် သက်သေအထောက်အထားမရှိပါ။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) သည် လွတ်လပ်မှု၊ ကိုယ်ပိုင်လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့်နှင့် ပွင့်လင်းမြင်သာမှု ကင်းမဲ့သောကြောင့် တရားမျှတမှုအတွက် ဖော်ဆောင်ပေးနိုင်သည့် အနေအထားမရှိပေ။ ထို့အပြင် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာသည် အကြမ်းဖက်ကျူးလွန်မှု အနည်းငယ်ကိုသာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ရည်ရွယ်သည့်အတွက် ကာကွယ်မှုထက် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးမှုများကိုသာ အလေးထားလုပ်ဆောင်ရန် ရွေးချယ်ထားသည့် သဘောဖြစ်သည်။[26] တစ်စိတ်တစ်ပိုင်းအားဖြင့် အစိုးရ သို့မဟုတ် စစ်တပ်၏ သဘောမကျမှုကို လက်ခံလိုခြင်း မရှိသောကြောင့် MNHRC အနေဖြင့် CRSV ၏ အမှုများကို စစ်ဆေးလိုခြင်းမရှိပါ။[27]

## ပုံစံတကျ မဟုတ်သော တရားစီရင်ရေးစနစ်၏ အကျိုးသက်ရောက်မှု

တရားရုံးများသည် ကျေးလက်ဒေသများနှင့် ဝေးကွာသောကြောင့် ပထဝီအနေအထားအရ ကန့်သတ်ချက်များရှိခြင်း၊ တရားစွဲဆိုမှု ကုန်ကျစရိတ်မြင့်မားသောကြောင့် ငွေကြေးအတွက် ထည့်သွင်းစဉ်းစားရခြင်း၊ အလုပ်ပျက်ကွက်ခြင်းကြောင့် ဆုံးရှုံးရမည့် ပုံမှန်လုပ်အားခများကိုလည်း စွန့်လွှတ်ရန် မတတ်နိုင်ခြင်း၊ အများစုသည် မြန်မာစကားကို မတတ်သောကြောင့် စကားပြောဆိုရာတွင် အခက်အခဲများရှိခြင်းနှင့် ကျား၊မအခြေပြုအကြမ်းဖက်မှုသည် ရှက်ဖွယ်ရာကိစ္စရပ်အဖြစ် သတ်မှတ်ထားပြီး လူမှုရေးဆိုင်ရာ အမည်းစက်ဖြစ်စေခြင်းစသည့် အခြေအနေရှိခြင်းကြောင့် အမျိုးသမီးများသည် တရားဝင် တရားဥပဒေကြောင်းအရ မျှတသော တရားစီရင်မှု ရရှိရန် အတားအဆီးများစွာဖြင့် ရင်ဆိုင်နေရသည်။[28]

ပုံစံတကျ မဟုတ်သော တရားစီရင်ရေးယန္တရားများသည် အမျိုးသမီးများအတွက် သင့်လျော်သည့် တရားမျှတမှုရလဒ်များ ပုံမှန်အားဖြင့် ပေးနိုင်ခြင်းမရှိသောကြောင့် တရားဝင် တရားစီရင်ရေးစနစ်ကို အစားထိုးရန် ကျေနပ်ဖွယ်ကောင်းသည့် ရွေးချယ်စရာတစ်ခုမဟုတ်ပေ။ ဒေသန္တရအုပ်ချုပ်ရေးမှူးများသည် လုပ်ပိုင်ခွင့်အာဏာများကို တိုင်းရင်းသားဒေသများ၌ အဓိကကျင့်သုံးပိုင်ခွင့်ရှိသူများဖြစ်ပြီး အရေးကြီးသည့် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းသည့် တာဝန်ကို ယူကြရသည်။ သို့သော်လည်း ထိုအုပ်ချုပ်ရေးမှူးအများစုမှာ အမျိုးသား

များဖြစ်ကြပြီး တစ်နိုင်ငံလုံးတွင် အမျိုးသမီးအုပ်ချုပ်ရေးမှူး စုစုပေါင်းမှာ ၁ ရာခိုင်နှုန်းသာရှိသည်။[29] ကျား၊မ အခြေပြု အကြမ်းဖက်မှု ကိစ္စများနှင့် ရင်ဆိုင်ရသောအခါ ဤဒေသခံအမျိုးသားအရာရှိများသည် အကြမ်းဖက် ခံရသူများအတွက် တရားမျှတမှုရရှိရန် ဦးစားပေးဆောင်ရွက်ခြင်းမရှိပါ။ အမှုများအားပယ်ချခြင်း သို့မဟုတ် အမှုဖြစ်သူများအကြား အငြင်းပွားမှုများအား ညှိနှိုင်းဖြေရှင်းခြင်းပုံစံ တစ်မျိုးမျိုး သို့မဟုတ် လျော်ကြေးငွေ ပေးစေခြင်းများမှတစ်ဆင့် ဖြေရှင်းခြင်းတို့ကိုသာ ဆောင်ရွက်ပေးသည်။ အကြမ်းဖက်ခံရသူ အမျိုးသမီးများသည် ဤညှိနှိုင်းမှုများတွင် အနည်းငယ်မျှသာ ပါဝင်နိုင်ပြီး မူလရာဇဝတ်မှုအတွက်ဖြစ်စေ၊ လျော်ကြေးမရသေးသည့် ကိစ္စအတွက်ဖြစ်စေ တရားဝင် တရားစီရင်ရေးစနစ်မှလည်း ဖယ်ထုတ်ခြင်းကို ခံကြရသည်။ တရားဝင် တရားစီရင်ရေးစနစ်တွင် ရှင်သန်လွတ်မြောက်လာသူများ၏ လိုအပ်ချက်များသည် လူ့အသိုင်းအဝိုင်း၊ မိသားစု သို့မဟုတ် လူမှုအဖွဲ့အစည်းအတွင်းရှိ အာဏာစက်ဝန်းများ၏ လိုအပ်ချက်နှင့်ယှဉ်လျှင် ဒုတိယနေရာတွင်သာရှိသည်။

“

## လက်တွေ့လုပ်ဆောင်လျက်ရှိသော ပုံစံတကျ မဟုတ်သော တရားစီရင်ရေး

ညအချိန်တွင် အလုပ်ကြမ်းအလုပ်သမအဖြစ် အလုပ်လုပ်နေစဉ် ၁၄ နှစ်အရွယ်မိန်းကလေးတစ်ဦးသည် ရေချိုးခန်း သို့သွားရာလမ်းတွင် မုဒိမ်းကျင့်ခံခဲ့ရသည်။ ကြောက်စိတ်နှင့်အရှက်တကွဲဖြစ်မည် စိုးသောကြောင့် သူမသည်မည်သူတစ်ဦး တစ်ယောက်ကို မျှပြောပြခြင်းမပြုခဲ့ပေ။ အဆိုပါကျူးလွန်သူသည် သူမအား နောက်ထပ် အကြိမ်ပေါင်းများစွာ အဓမ္မပြုကျင့်ခဲ့သည်။ တစ်နေ့တွင် ကျူးလွန်သူသည် သူမအိမ်သို့ လာသောအခါ သူမ ရာသီစလာနေပြီဖြစ်ကြောင်း ပြောခဲ့သည်။ သူမ၏ မိခင်သည် သူတို့စကားပြောဆိုမှုကို ကြားခဲ့ပြီး သူမ၏ သမီးအနေဖြင့် သူမ၏ ရာသီစက်ဝန်းအကြောင်းကို သူစိမ်း တစ်ယောက်ကို ဘာကြောင့် ပြောနေရတာလဲဟု သံသယဝင်ခဲ့သည်။ မိခင်ဖြစ်သူက မေးမြန်းမှ မုဒိမ်းကျင့်ခံရသည်ဟု ဝန်ခံခဲ့သည်။ မိခင်ဖြစ်သူသည် ဤအဓမ္မပြုကျင့်မှုကို ကျေးရွာအုပ်ချုပ်ရေးမှူအား တိုင်ကြားရာမှ ကျူးလွန်သူအား ကျပ် ၇၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၀၀)ကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ မကုန်မီပေးရန် ညွှန်ကြားပြီး ဖြေရှင်းပေးခဲ့သည်။ သို့သော်လည်း ကျူးလွန်သူသည် ထိုနေ့မတိုင်မီ ရှင်သန်လွတ်မြောက်သူ၏ မိသားစုအားကျပ် ၃၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၂၀) သာပေးခဲ့သည်။ မုဒိမ်းပြုကျင့်ခံရသူနှင့် မိခင်ဖြစ်သူသည် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့သွား၍ လျော်ကြေးငွေ အပြည့်မရကြောင်း အစီရင်ခံသောအခါ ရွာသူကြီးက သူ့အနေဖြင့် သူတို့အတွက် နောက်ထပ်ဘာမှမလုပ်နိုင်ကြောင်းနှင့် ရရှိပြီးသည့်ငွေနှင့် ကျေနပ်သင့်ကြောင်း ပြောကြားခဲ့သည်။ သူတို့သည် ရဲစခန်းသို့ သွား၍ အမှုကို တိုင်ကြားခဲ့သော်လည်း ရဲအရာရှိများက အရေးယူဆောင်ရွက်ပေးခြင်းမရှိပေ။ နောက်ပိုင်းတွင် ပြစ်မှုကျူးလွန်သူသည်လည်း တာဝန်ယူရမည် စိုးသည့်အတွက် ရွာမှ ပြောင်းရွှေ့သွားသည်။

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ ထပ္ပူကျေးရွာ၊ ဒီမောဆိုမြို့နယ်၊ ကယားပြည်နယ်၊ KNWO)

## အာဏာရှိသော ကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်း

စိတ်ဝေဒနာရှင် မိန်းကလေးတစ်ဦးသည် သူမ၏ ရွာတွင် တာဝန်ကျနေသော စစ်သားတစ်ဦးနှင့် လူမှုကွန်ရက်မီဒီယာ (social media) မှတဆင့် မိတ်ဆွေဖွဲ့ခဲ့သည်။ ထိုစစ်သားက သူမနှင့် လူချင်းတွေ့ဆုံ ရန် တောင်းဆိုခဲ့ပြီး ဆုံတွေ့ချိန်တွင် သူမအား အဓမ္မပြုကျင့်ခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများသည် ကျူးလွန်သူက စစ်အရာရှိတစ်ဦး ဖြစ်နေသည့် အချက်ကြောင့် ၎င်းကို အရေး ယူရန်ကြောက်ရွံ့နေခဲ့ကြသည်။ အရာရှိက ငွေကျပ် ၅၀၀၀၀၀ (အမေရိကန် ဒေါ်လာ ၃၅၀) ပေးရန်သဘောတူခဲ့သည်။ မိန်းကလေး၏ မိသားစုသည် ရွာတွင် ဆက်လက်နေထိုင်လိုသည့် ဆန္ဒမရှိတော့သောကြောင့် ရရှိသည့် လျော်ကြေးငွေဖြင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့ရာတွင် အသုံးပြုခဲ့သည်။

(၂၀၁၁ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ကယားပြည်နယ်၊ ကုန်းဆော့ကျေးရွာ၊ လွိုင်လင်လေးမြို့နယ်၊ KNWO)

## အာဏာရှိသော ကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်း

အမျိုးသမီးများအတွက် တရားစီရင်ရေးဆိုင်ရာ ရလာဒ်များအပေါ်တွင် ကျူးလွန်သူ၏ အာဏာနှင့် ရာထူး အဆင့်အတန်းများက ကြီးစွာလွှမ်းမိုးထားသည်။ အထူးသဖြင့် ပြစ်မှုကျူးလွန်သူများသည် စစ်တပ်နှင့်ရဲကဲ့သို့သော လုံခြုံရေးဝန်ဆောင်မှုများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ဆက်ဆံရေးရှိပါက တရားစီရင်ရေး အပေါ် လွှမ်းမိုးမှုရှိမည်မှာ မလွဲကေန်ဖြစ်သည်။ ဤဖြစ်ရပ်များတွင် ကျူးလွန်သူများသည် ကျူးလွန်ခံရသူများအား သို့မဟုတ် ဒေသခံအာဏာပိုင်အား ဖိအားပေးခြင်းဖြင့်ဖြစ်စေ၊ ကျူးလွန်ခံရသူများ၏ အာဏာပိုင်များကို တော်လှန်ရန် ကြောက်ရွံ့သည့် အခြေအနေကိုဖြစ်စေ အသုံးပြု၍ သူတို့ ကျူးလွန်ထားသည့် ရာဇဝတ်မှုများ အတွက် ဥပဒေဆိုင်ရာ အကျိုးဆက်များကို ရှောင်ရှားရန် သူတို့၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုကြသည်။ အထူးသဖြင့် စစ်တပ်သည် နိုင်ငံရေးနှင့် တရားစီရင်ရေးစနစ်အပေါ်တွင် သိသိသာသာ ဩဇာသက်ရောက်မှုရှိသည်။ ယင်းအခြေအနေသည် ကျူးလွန်ခံရသူများအား ခြိမ်းခြောက်မှုများ သို့မဟုတ် ဖိနှိပ်မှုများမှတစ်ဆင့် အမှုတိုင်ကြားတရားစွဲဆိုခြင်း မပြုလုပ်နိုင်ရန် တားဆီးသည်။[30] စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် စစ်တပ်မှကျူးလွန်ထားသော ရာဇဝတ်မှုများအတွက် တာဝန်ခံရန် တားဆီးကာကွယ် ပေးထားသည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်သည် ၎င်း၏ ကိုယ်ပိုင်ကိစ္စရပ်များအပေါ် အပြည့်အဝ ထိန်းချုပ်ခွင့်ကို တရားဝင်ရရှိထားပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ဘက်ဆိုင်ရာ တရားရေး အပါအဝင် ဆုံးဖြတ်ချက်များအားလုံး၏ အရှင်သခင်ဖြစ်ပြီး သူ၏ ဆုံးဖြတ်ချက်များသည် "အပြီးအပြတ်ဖြစ်သည်"။ ထိုဆုံးဖြတ်ချက်များကို အရပ်ဘက် ပြည်သူ့အစိုးရမှပင် စိန်ခေါ်၍ မရပါ။[31]

“

### အာဏာရှိသော ကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်း

ရွာတစ်ရွာအနီးတွင် တပ်ချထားသော ခြေလျင်တပ်ရင်းမှ တပ်သားတစ်ဦးသည် အမျိုးသမီးတစ်ဦးကို သူမ၏နေအိမ်တွင် အဓမ္မပြုကျင့်ခဲ့သည်။ သူမ၏ နေအိမ်ထဲသို့ စစ်သားတစ်ဦးဝင်သွားသည်ကို အိမ်နီးနားချင်း တစ်ဦးက မြင်တွေ့သောကြောင့် သူမ၏ အစ်ကိုဖြစ်သူကို အကြောင်းကြားလိုက်သည်။ အစ်ကိုဖြစ်သူသည် အိမ်သို့ ချက်ချင်းပြန်လာပြီး ထိုစစ်သားက သူ၏ ညီမအား မုဒိမ်း ပြုကျင့်နေသည်ကို မျက်မြင်တွေ့ရှိခဲ့သည်။ သူအော်လိုက်သည့်အတွက် စစ်သားက သူ့ကို သေနတ်နှင့် ချိန်ပြီး ထွက်ပြေးသွားသည်။ အကိုဖြစ်သူသည် စစ်စခန်းသို့သွားရောက်ပြီး ဖြစ်ပျက်ခဲ့သည့်ကိစ္စရပ်နှင့် ပတ်သက်၍ တာဝန်ရှိ ဗိုလ်ကြီးကို အကြောင်းကြားခဲ့သည်။ သူက လျော်ကြေးငွေ တောင်းခံသော အခါ ဗိုလ်ကြီးက ငွေကျပ် ၂၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၀) ပေးခဲ့ပြီး ဖြစ်ပြီးသည့်ကိစ္စသည် ဖြစ်ခဲ့ပြီဖြစ်သည့်အတွက် နောက်ကြောင်း ပြန်လှည့်စရာ ဘာမှမရှိပေ ဟူ၍လည်း ပြောဆိုခဲ့သည်။ ဗိုလ်ကြီးက သူ့ကို မည်သည့် ဥပဒေရေးရာ အရေးယူမှုများကိုမျှမပြုလုပ်ရန်နှင့် နောက်တစ်ခါ ထပ်မဖြစ်စေရဟုလည်း ကတိပေးခဲ့သည်။ သုံးရက်အကြာတွင် အဆိုပါတပ်ရင်းသည် ရွာမှ ထွက်ခွာသွားခဲ့သည်။

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မိုင်းလုံးမြို့နယ်၊ ပန်းထန်းကျေးရွာ)

## အာဏာရှိသော ကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်း

ကျူးလွန်ခံရသူသည် ရှမ်းပြည်နယ်တွင် မွေးရာပါအမြင်အာရုံချို့ယွင်းမှုနှင့် မွေးဖွားခဲ့သူဖြစ်ပြီး မျက်မမြင်မြန်မာအမျိုးသားအစည်းအရုံးတွင် အလုပ်လုပ်ရန် ရန်ကုန်သို့ပြောင်းရွှေ့ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အဖွဲ့အစည်း၏ ဥက္ကဋ္ဌက သူမကို သူ့အိမ်သို့ခေါ်ဆောင်သွားပြီး အဓမ္မပြုကျင့်ခဲ့သည်။ ထိုအဖြစ်အပျက်ပြီးနောက် သူမသည် အလုပ်မှ ထွက်လိုသော်လည်း ဥက္ကဋ္ဌမှ အလုပ်ထွက်ခွင့် မပေးခဲ့ပေ။ ဥက္ကဋ္ဌသည် သူမအား ဟိုတယ်တစ်ခုသို့ ခေါ်ဆောင်သွားပြီး ထပ်မံလိင်ပိုင်းဆိုင်ရာ စော်ကား အဓမ္မပြုကျင့်ခဲ့ပြန်သည်။ သူမသည် ကြောက်စိတ်နှင့် လစာ မရမှာစိုးရိမ်သည့် စိတ်ကြောင့် မငြင်းဆိုရဲခဲ့ပေ။ သူမအား ဗိုက်အောင့်ခြင်းကို ဖြစ်စေသည့် အရေးပေါ် သန္ဓေတားဆေးကိုလည်း အတင်းအကျပ် သုံးစွဲစေခဲ့သည်။ ဤကိစ္စမှာ လူသိရှင်ကြားဖြစ်လာသောအခါ အသင်းဥက္ကဋ္ဌအား အမှုဖွင့်တရားစွဲဆိုသော်လည်း သက်သေအထောက်အထား မခိုင်လုံခြင်းနှင့် မျက်မြင်သက်သေ မရှိခြင်းကြောင့် ပယ်ချခံခဲ့ရသည်။ တရားစွဲဆိုမှု ပယ်ချခံရပြီးနောက် ကျူးလွန်ခံရသူ မျက်မမြင် အမျိုးသမီးသည် ရှမ်းပြည်နယ်ရှိ သူမ၏ မွေးရပ်မြေကိုပြန်လာခဲ့သည်။

(ဇူလိုင် ၇,၂၀၂၀၊ ကချင်ပြည်နယ်၊ KWAT)

## ရေငုံနှုတ်ပိတ်နေရန် ခြိမ်းခြောက်ခြင်း

မွေးရာပါ ခြားနားသည့် စွမ်းဆောင်ရည်ရှိသူ အသက် ၁၈ နှစ်အရွယ်အမျိုးသမီးတစ်ဦးသည် နားမကြားသော အဖွားနှင့် လေဖြတ်နေသော အဖိုးနှင့်အတူ နေထိုင်သည်။ သူမ၏ မိသားစုမှ တစ်ဦးတည်းသော ဝင်ငွေရရှိ သူမ၏ မောင်လေးဖြစ်သူက သူမ ညဥ့်နက်ပိုင်းမှ အိမ်သို့ ပြန်လာကြောင်း သတိပြုမိသောကြောင့် တစ်ညတွင် သူမအားစောင့်ကြည့်ရာ သူစိမ်း ယောကျ်ားတစ်ဦးက သူမအား ပြန်ပို့သည်ကို မြင်လိုက်ရသည်။ သူက သူမကို ထိုသူစိမ်း အကြောင်းမေးသော်လည်း ကြောက်ရွံ့တုန်လှုပ်ပြီး သူမပြောပြရန် ငြင်းခဲ့သည်။ အဖြေပေးရန်အတွက် သူက သူမအား တုတ်ဖြင့် နှစ်ကြိမ်ရိုက်ပြီးမေးခဲ့သည်။ ထို့နောက် သူမက သူစိမ်းသည် သူ၏ တောင်းဆိုချက်များကို မလိုက်နာပါက သူမမိသားစုအား သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း ပြောပြသည်။ ထို့ကြောင့် ကြောက်လန့်သဖြင့် သူမသည် ထိုသူနှင့် အတူလိုက်သွားခဲ့ရာ သုံးကြိမ်တိုင်တိုင်/မတူညီသော အခြေအနေသုံးမျိုးဖြင့် မုဒိမ်းကျင့်ခံခဲ့ရသည်။ ကျူးလွန်သူသည် ကျေးရွာရှိ အခြားဆင်းရဲသော အမျိုးသမီးများအားလည်း ခြိမ်းခြောက်ပြီး လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ ကျူးလွန်ခဲ့သည်။ အကြမ်းဖက်ခံရသူ အမျိုးသမီးများသည် ဆင်းရဲသားများအနေဖြင့် ရဲကိုအမှုကိုတိုင်ကြားရန်နှင့် တရားရုံးတွင် အမှုနိုင်ရန်မဖြစ်နိုင်ဟု ခံစားခဲ့ရသဖြင့် သူတို့သည် ရေငုံနှုတ်ပိတ်သာ နေခဲ့ကြသည်။

(ဇွန်လ ၃၀၊ ၂၀၂၀၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ WJ)

## အကြမ်းဖက်ခံရသူများအတွက် အထူးစီမံထားသော ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဥ်များမရှိခြင်းနှင့် အကြမ်းဖက်ခံရသူများကို ခြိမ်းခြောက်ခြင်း။

တရားစီရင်ရေးရာ တာဝန်ရှိသူများ၊ လုံခြုံရေးဝန်ထမ်းများနှင့် ဒေသခံအရာရှိများသည် ကျား၊မ အခြေပြုအကြမ်းဖက်မှုများကို ကိုင်တွယ်ရန် အထူးလေ့ကျင့်သင်ကြားပို့ချမှုကို အနည်းငယ် သို့မဟုတ် လုံး၀ ရရှိထားခြင်းမရှိသောကြောင့် အကြမ်းဖက်ခံရသူက ကျူးလွန်သူများကို တရားစွဲဆိုစစ်ဆေးရာတွင် တက်ရောက်ရခြင်းနှင့် ၎င်းတို့ကို လုံလောက်သည့် ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ခြင်းကဲ့သို့သော ဥပဒေစနစ်၏ သွင်ပြင်လက္ခဏာများသည် ကျူးလွန်ခံရသူများအပေါ် ဆိုးကျိုးပိုမိုသက်ရောက်စေသည်။[32]

ကျား၊မ အခြေပြု အကြမ်းဖက်ကျူးလွန်ခံရသူများသည် မကြာခဏဆိုသလို တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ တိုက်ရိုက်အတင်းအကျပ် သက်သေထွက်ဆိုခိုင်းခံရလျှင် စိတ်ဒဏ်ရာ ထပ်မံပြန်လည် ရရှိလေ့ရှိပြီး လိင်ကိစ္စနှင့် ပတ်သက်၍ ကျူးလွန်ခံရသူများကို ကြမ်းတမ်းနာကျင်စေသည့် မေးခွန်းများ မေးမြန်းခြင်းမှ ကာကွယ်ပေးသည့် သက်သေထောက်အထားဆိုင်ရာ စည်းမျဥ်းစည်းကမ်းများလည်းမရှိပေ။[33] မြန်မာနိုင်ငံ၏ တရားရေးစနစ်တွင် အရေးကြီးသည့် သက်သေအထောက်အထားဆိုင်ရာ ကာကွယ်ခြင်းများဖြစ်သော ကြိုတင်မှတ်တမ်းယူထားသော သက်သေခံထွက်ဆိုချက်များကို ခွင့်ပြုခြင်း၊ သီးသန့် သက်သေခံထွက်ဆိုခြင်း (ဥပမာ၊ ကင်မရာဖြင့်)၊ မျက်မြင်သက်သေများ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးပေးခြင်း ဝန်ဆောင်မှုများအတွက် အကာအကွယ်ပေးခြင်းစသည့် လုပ်ထုံးလုပ်နည်းများလည်း ရှိမနေပေ။[34] ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ အရပ်ဖက်လုပ်ထုံးလုပ်နည်းနှင့် သက်သေအထောက်အထားအက်ဥပဒေတို့မှ ပေးအပ်ထားသော အကာအကွယ်များကို အမြဲလိုလိုမျက်ကွယ်ပြုထားကြသည်။[35]

အကြမ်းဖက်ခံရသူများ အထူးသဖြင့် ဩဇာအာဏာနှင့် အရင်းအမြစ်၊ အချိတ်အဆက်များမရှိသည့် အမျိုးသမီးများသည် ရှေ့ထွက်လာ၍ ထုတ်ဖော်ပြောဆိုရန် စိုးရိမ်ပူပန်ရုံသာမက ရေငုံနှုတ်ပိတ်နေရန်လည်း ခြိမ်းခြောက်ခံနေရသည်။ ကျူးလွန်သူများ (သို့မဟုတ်) ၎င်းတို့၏ ကိုယ်စားလှယ်များက ကျူးလွန်ခံရသူများကို ထုတ်ဖော်ပြောဆိုခြင်း မပြုလုပ်ရန် သတိပေးပြီး ထုတ်ဖော်ပြောဆိုသူများသည် ဒဏ်ခတ်ခံရလေ့သည်။ အမျိုးသမီးများအနေဖြင့် မိမိတို့၏ အိမ်ထောင်ဖက် (သို့မဟုတ်) လက်တွဲဖော်အား အကြမ်းဖက်မှုကျူး လွန်သူအဖြစ် သတ်မှတ်ခြင်းခံရပါက စီးပွားရေးနှင့် လူမှုရေးမလုံခြုံမှု ဖြစ်စေမည်ကို

### ရေငုံနှုတ်ပိတ်နေရန် ခြိမ်းခြောက်ခံရခြင်း

ရဲဝန်ထမ်းတစ်ဦးသည် ရွာသူတစ်ဦးအား သုံးကြိမ်တိုင်တိုင် အဓမ္မပြုကျင့်ခဲ့ပြီး ထိုအမျိုးသမီးသည် ကိုယ်ဝန်ရရှိခဲ့သည်။ ကျူးလွန်သူသည် ရဲအရာရှိဖြစ်သည့်အတွက် တရားစွဲဆိုရန် မဝံ့ရဲပေ။ အဆိုပါအရာရှိ၏ ဇနီးဖြစ်သူကလည်း သူတို့တွင်ကလေးများရှိသည့်အတွက် ဥပဒေအရ အရေးမယူရန်နှင့် သူတို့၏ အမည် အမည်းစက်များကျန်လိမ့်မည်ဟု ပြောဆိုကာ အကြမ်းဖက်ခံရသူအား ဖိအားပေးတောင်းဆိုခဲ့သည်။ သူမ၏ နှုတ်ဆိတ်နေပေးခြင်းကြောင့် ဗိုက်ထဲကကလေးအတွက် ဖခင်အမည်ခံပေးခြင်းနှင့် မဆိုစလောက်သော လျော်ကြေးကိုသာ ရရှိခဲ့သည်။

(၂၀၁၁ မေလ ၂၁ ရက်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကနတ်သရီကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ ထားဝယ်ခရိုင်၊ TWU)

### စီးပွားရေး မတည်ငြိမ်မှုနဲ့ မူယစ်ဆေးဝါး အလွဲသုံးစားပြုခြင်း၏ အကျိုးသက်ရောက်မှု

အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်ခံရသူတစ်ဦးသည် သူ၏ခင်ပွန်းနှင့် ၁၁ နှစ်တိုင် လက်ထပ်ခဲ့ပြီး သူတို့မှာ သားသမီးလေးဦး ရှိခဲ့သည်။ အိမ်ထောင်ကျပြီး လေးနှစ်အကြာတွင် ခင်ပွန်းဖြစ်သူသည် အရက်သေစာ စတင်သုံးစွဲလာပြီး သူမအား ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ပြုလုပ်လာသည်။ ခင်ပွန်းဖြစ်သူသည် အိမ်ထောင်မပြုခင်က အရက်သေစာ မမှီဝဲခဲ့သော်လည်း ၎င်း၏ မိသားစုအား ငွေကြေးနှင့်ရိက္ခာများ လောက်ငှစွာ မထောက်ပံ့နိုင်သည့်အတွက် စိတ်ဖိစီးမှုများလာပြီး အရက်အလွန်အကျွံသောက်သုံးခဲ့သည်။ ၎င်းတို့၏ ကောက်ပဲသီးနှံများကို ဖျက်ဆီးသည့် ကြွက်များကြောင့် လယ်သမားဖြစ်သော သူတို့ ဇနီးမောင်နှံက အလုပ်တွင် ရှုန်းကန်နေရပါသည်။ ဤငွေရေးကြေးရေး အခက်အခဲသည် ခင်ပွန်းဖြစ်သူအား သူမအပေါ် အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်ရန် တွန်းအားဖြစ်စေခဲ့သည်။

(ဇန်နဝါရီ ၂၀၁၉၊ ဘဟုမ်ရွာ၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်၊ KNWO)

ကြောက်ရွံ့ရခြင်းသည် အိမ်တွင်းအကြမ်းဖက်မှုဖြစ်စေသည့် အကြောင်းရင်းတစ်ခုလည်းဖြစ်သည်။ အကြမ်းဖက်ခံရသူ အများစုသည် ရေငုံနှုတ်ဆိတ်စွာနေခြင်းနှင့် အကြမ်းဖက်မှုကို လက်ခံရန်မှတစ်ပါး အခြားရွေးချယ်စရာများမရှိဟု ခံစားရသည်။ အထက်တွင် ဆွေးနွေးထားသည့်အတိုင်း တရားရေးစနစ်တွင် ကာကွယ်စောင့်ရှောက်ရေးအမိန့်အာဏာများကို ပြဋ္ဌာန်းထားခြင်း မရှိသောကြောင့် အထူးသဖြင့် ပြစ်မှုကျူးလွန်သူသည် အိမ်ထောင်ဖက် (သို့မဟုတ်) လက်တွဲဖော် (သို့မဟုတ်) လူ့အဖွဲ့အစည်းအတွင်း အာဏာရှိသူ ဖြစ်ပါက ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများသည် တရားစွဲဆို သက်သေထွက်ဆိုခြင်းမှ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ရင်ဆိုင်မည့်အစား တိတ်ဆိတ်စွာနေရန်သာ ရွေးချယ်ကြသည်။[36]

# ဝန်ဆောင်မှုအကူအညီများရရန် အတားအဆီးများ

**ရှင်သန်လွတ်မြောက်လာသူများကို ကူညီပံ့ပိုးရန် လူမှုရေးနှင့် အခြားသော ဝန်ဆောင်မှုများ မရှိခြင်း။**

ကျူးလွန်ခံရသူများအတွက် အခြားစိန်ခေါ်မှုတစ်ခုမှာ အကြမ်းဖက်မှုကိစ္စရပ်များဖြစ်ပေါ်သည်နှင့် ၎င်းတို့အား မဆိုင်းမတွ အကူအညီပေးရန် လူမှုရေး၊ ဥပဒေရေးရာ၊ ဆေးကုသရေးဆိုင်ရာနှင့် အခြားသော ထောက်ပံ့ရေး ဝန်ဆောင်မှုများ လုံလောက်မှုမရှိခြင်းနှင့် တရားမျှတမှုဖော်ထုတ်ရန် သင့်လျော်သည့် အခြားရွေးချယ်စရာများ မရှိခြင်းဖြစ်သည်။ အဆိုပါ ဝန်ဆောင်မှုဆိုင်ရာ ကွာဟချက်တွင် အခြေခံကာကွယ်ရေး အစီအစဉ်များ၊ ကျန်းမာရေးနှင့် ဆေးဝါးထောက်ပံ့ပေးမှုများ၊ စိတ်ပိုင်းဆိုင်ရာ လူမှုဝန်ဆောင်ရေးများ၊ လူမှုစီးပွားရေး အထောက်အကူများ၊ ဥပဒေရေးရာ အကူအညီနှင့် အရေးပေါ် ခိုလှုံရာအိမ်များနှင့် နေရာများ မလုံလောက်ခြင်းများ ပါဝင်သည်။ အထက်ပိုင်းအဆင့်တွင် ဝန်ဆောင်မှုပေးနေသူများအကြား ညှိနှိုင်းဆောင်ရွက်မှုကင်းမဲ့ခြင်းနှင့် အမှုတစ်ခုကို ရှုထောင့်ပေါင်းစုံမှခြုံငုံကာ စီမံခန့်ခွဲမှု (သို့မဟုတ်) လွှဲပြောင်းညွှန်ကြားပေးသည့် စနစ်လည်းမရှိပေ။[37]

အကန့်အသတ်ဖြင့် ချထားပေးသည့် အစိုးရ၏ ဝန်ဆောင်မှုများသည် နိုင်ငံအနှံ့အပြားတွင် ကျိုးတိုးကျဲတဲ ရှိနေသော်လည်း တိုင်းရင်းသားဒေသများတွင်မူ လွယ်လင့်တကူ မရရှိနိုင်သေးပါ။ ထို့ကြောင့် ကျူးလွန်ခံရသူများအတွက် အကူအညီတောင်းခံရရှိရန် လုံလောက်သည့် ရွေးချယ်စရာ မရှိဘဲဖြစ်နေသည်။ ၎င်းတို့အတွက် WLB အဖွဲ့ဝင် အဖွဲ့အစည်းများအပါအဝင် ဒေသခံအရပ်ဘက် လူမှုအဖွဲ့အစည်းများက ထိုလစ်ဟာမှုများကို မကြာခဏ ဖြည့်ဆည်းပေးရပြီး ဝန်ဆောင်မှုများ၏ လေးပုံသုံးပုံခန့်ကိုသာ ရှင်သန်လွတ်မြောက် လာသူများကို ထောက်ပံ့ပေးသည်။[38] အဆိုပါ ဒေသခံအရပ်ဘက် လူမှုအဖွဲ့အစည်းများသည် အစိုးရထံမှ အထောက်အပံ့များ မရရှိသလို လိုအပ်သည့်အတိုင်း ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၎င်းတို့မှာလည်း သင်တန်းနှင့် အရင်းအနှီးများ မရှိပေ။ ကျူးလွန်ခံရသူများ အလွန်အမင်းလိုအပ်နေသော အကူအညီများကို ရှေ့ဆောင်ပံ့ပိုးပေးနေသည့် ဒေသခံအဖွဲ့အစည်းများအား အစိုးရမှ ပိုမိုထောက်ပံ့ပေးရမည်။

ထို့အပြင် အကြမ်းဖက်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းနှစ်ချက်ကို သတိမမူမိကြပေ။ ၎င်းတို့မှာ စီးပွားရေး မခိုင်မာမှုနှင့်/သို့မဟုတ် အရက်နှင့် မူးယစ်ဆေးဝါး အလွန်အကျူး သုံးစွဲထားသော အိမ်ထောင်ဖက်များ (သို့) လက်တွဲဖော်များက ကျူးလွန်သော ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုဖြစ်သည်။ အခြားတစ်ချက်မှာ ကျူးလွန်ခံရသူများသည် စီးပွားရေးအကြောင်းအရာဖြစ်သည့် အိမ်ထောင်ဖက် သို့မဟုတ် လက်တွဲဖော်မှ ပံ့ပိုး

သည့် ငွေကြေးထောက်ပံ့မှု ဆုံးရှုံးမည်ကို စိုးရိမ်သည့်အတွက် အကြမ်းဖက်ခြင်းခံနေရသည့် အခြေအနေ ဆက်လက်နေထိုင်ရသည်။

စီးပွားရေး မတည်ငြိမ်မှုနှင့်ပတ်သက်၍ အစိုးရသည် တိုင်းရင်းသားဒေသရှိ ပြည်သူလူထုများအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်းမရှိသေးသည့်အတွက် တိုင်းရင်းသားလူထုများအပေါ် ကြီးမားသော သက်ရောက်မှုများရှိစေပြီး ကျား၊မ အခြေပြုအကြမ်းဖက်ခြင်းကို ဖြစ်စေပါသည်။ ဆင်းရဲမွဲတေမှုအဆင့်သည် လူဦးရေ၏ လေးပုံတစ်ပုံဖြစ်သည်ဟု ခန့်မှန်းရပြီး လူဦးရေ ၇၀% နေထိုင်ကြသည့် ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှုနှုန်း ၂ ဆမြင့်မားသည်။ ဆင်းရဲမွဲတေမှုသည် အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့် ဝေးလံခေါင်ဖျားသော နယ်စပ်ဒေသနှင့် စစ်ရေးပဋိပက္ခကြုံတွေ့နေရသည့် ဒေသတွင် ပိုမိုရင်ဆိုင်နေရပါသည်။[39] စစ်ရေးပဋိပက္ခနှင့် စီးပွားရေးမတည်ငြိမ်မှုတို့သည် အိမ်တွင်း မတည်ငြိမ်မှုကိုဖြစ်စေသည့် အဓိကအကြောင်းအရင်းများ ဖြစ်သည်။

တိုင်းရင်းသားဒေသရှိ မူးယစ်ဆေးဝါးစိုက်ပျိုးခြင်းနှင့် ရောင်းဝယ်ခြင်းတို့သည် အကြမ်းဖက်မှုကိုဖြစ်စေသည့် အခြားဆက်စပ်အကြောင်းရင်းတစ်ခုဖြစ်ပြီး မူးယစ်ဆေးဝါးစွဲလမ်းမှုကိုပါ ဖြစ်စေသည်။[40] တိုင်းရင်းသားဒေသများသည် အများအားဖြင့် တရားမဝင်လုပ်ငန်းများနှင့် ဆက်နွယ်လုပ်ကိုင်နေသော ပြည်သူ့စစ်ထိန်းချုပ်မှုအောက်တွင် ရှိသည်။ ၎င်းတို့ စိုးမိုးသည့် နယ်မြေတွင် အစိုးရကို တော်လှန်သည့် လှုပ်ရှားမှုရန်များမှ ကာကွယ်နိုင်ရန်တပ်မတော်ကပြည်သူ့စစ်ကိုစီးပွားရေးလုပ်ကိုင်ခွင့်နှင့်လက်နက်သယ်ဆောင်ခွင့်ပြုထားသည်။[41] တရားမဝင် မူးယစ်ဆေးဝါးများ လက်ဝယ်ရှိခြင်းနှင့် လက်လှမ်းမီခြင်းသည် မူးရစ်ဆေးစွဲခြင်းကို ဖြစ်စေပြီး ယင်းသည် ကျား၊မ အခြေပြုအကြမ်းဖက်မှုများကို ဖြစ်စေသည့် အကြောင်းရင်း တစ်ခုဖြစ်သည်။[42]

အစိုးရမူဝါဒသည် မူးယစ်ဆေးဝါးစိုက်ပျိုးခြင်းကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို ထိရောက်စွာမဖြေရှင်းနိုင်ပေ။ အကြောင်းမှာ စစ်တပ်သည် မူးယစ်ဆေးဝါးနှင့်ဆက်စပ်သော လှုပ်ရှားမှုများတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်နေခြင်းကြောင့်ဖြစ်သည်။ မူးယစ်ဆေးထုတ်လုပ်သူများအတွက်လည်း အစားထိုးလုပ်ငန်းများ ထောက်ပံ့ပေးနိုင်ခြင်းမရှိပေ။ တိုင်းရင်းသားဒေသများ၌ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှုန်း မြင့်မားမှုကို အစိုးရမှ မဖြေရှင်းနိုင်ခြင်းနှင့် (သို့မဟုတ်) မူးယစ်ဆေးစွဲသူများအား လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများထောက်ပံ့ပေးရန် ပျက်ကွက်ခဲ့ခြင်းသည် ကျား၊မအခြေပြုအကြမ်းဖက်မှုများကို ပိုမိုဆိုးရွားစေသည်။[43] ဘက်ပေါင်းစုံ အစိုးရစနစ်ကျရှုံးခြင်းများသည် အမျိုးသမီးများအား ထိခိုက်နစ်နာမှုများနှင့် အကြမ်းဖက်မှုအန္တရာယ်များကို ဆက်လက်ကြုံတွေ့စေပါသည်။

# လူမှုအသိုင်းအဝိုင်းရှိ အတားအဆီးများ

## ကျား၊မ ခွဲခြားဆက်ဆံခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အမြစ်တွယ်နေသော ဖိုဝါဒကြီးစိုးမှု။

အခြေခံအားဖြင့် မြန်မာနိုင်ငံတွင် ကျား၊မအခြေပြုအကြမ်းဖက်မှုသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တွေ့ရလေ့ရှိသော အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု၊ ဖိုဝါဒကြီးစိုးမှုနှင့် ကျား၊မဆိုင်ရာကိစ္စရပ်အပေါ် မညီမျှသည့် စိတ်နေသဘောထားတို့၏ အကျိုးဆက်ဖြစ်သည်။ အမျိုးသမီးများကို လွယ်ကူသောပစ်မှတ်များအဖြစ်မှတ်ယူကြပြီး ကျား၊မအခြေပြုအကြမ်းဖက်မှုကို ကြီးလေးသော ရာဇဝတ်မှုအဖြစ် မယူဆဘဲ အိမ်တွင်းသို့မဟုတ် မိသားစုပြဿနာအဖြစ်သာ ရှုမြင်ကြသည်။[44] ဤအထက်ပါ သဘောထားအယူအဆများကို အမှီပြုကာ ပြစ်မှုကျူးလွန်သူများ အထူးသဖြင့် လူမှုအသိုင်းအဝိုင်းတွင် အာဏာရှိသော သူများသည် အကြမ်းဖက်မှုများကို ကျူးလွန်ကြပြီး ထိုရာဇဝတ်မှုများအတွက် တာဝန်ယူမှုမှ ကင်းလွတ်ရန် ကြိုးစားကြသည်။ ပဋိပက္ခ

နှင့် ဆက်စပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု [CRSV] ကိစ္စရပ်များတွင် အထက်ပါအချက်များသည် မှန်ကန်လေ့ရှိသည်။ CRSV သည် မတရားသည့် ရေးရိုးစွဲအမြင်များနှင့် တန်းတူညီမျှမှုမရှိသည့် ကျားမဆိုင်ရာ သတ်မှတ်ချက်များသာမက အမျိုးသားများနှင့် စစ်တပ်အဖွဲ့ဝင်များကဲ့သို့ တပ်မတော်၏ ဆန္ဒဖြစ်သည့် လွှမ်းမိုးလိုခြင်းနှင့် ပြည်သူလူထုကြား ကြောက်ရွံ့မှုကို လှုံ့ဆော်ခြင်းတို့ကို ထင်ဟပ်နေသည်။[45]

ကျားမအခြေပြု အကြမ်းဖက်မှုကိစ္စများအား တိုင်ကြားခြင်းပြုလုပ်ပါက လူမှုရေးဆိုင်ရာ ဂုဏ်သရေပျက်မှုနှင့် အလွန်အမင်း အရှက်ရဖွယ်ကိစ္စများ ကြုံရလေ့ရှိသည်။[46] လူသိရှင်ကြား စွပ်စွဲချက်များပြုလုပ်ခြင်းသည် ပြဿနာကို ပိုမိုဆိုးရွားစေပြီး နောက်ဆက်တွဲအနေဖြင့် အတူပါလာသော အတင်းအဖျင်းများသည် ကျူးလွန်ခံရသူနှင့် သူမမိသားစု၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ ကျူးလွန်ခံရသူများသည် ၎င်းတို့၏လုပ်ရပ်များအတွက် စောင့်ကြည့်ခံရခြင်း နှင့် အကြမ်းဖက်မှုခံရခြင်းသည် ရှေးဘဝက ပြုလုပ်ခဲ့သော မကောင်းမှုအတွက် ပြန်လည်အပြစ်ပေးခံခြင်းသာဖြစ်သည်ဟူသော ယူဆချက်ကြောင့် ကျူးလွန်ခံရသူများအား အပြစ်တင်ခြင်းသည် လူ့အဖွဲ့အစည်းတွင် ပုံမှန်လုပ်ရိုးလုပ်စဉ်လို ဖြစ်နေသည်။[47] ၂၀၁၈ ခုနှစ်တွင် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် အပြုအမူများကို ပြစ်တင်ဝေဖန်ထားသော စာမျက်နှာငါးမျက်နှာရှိ စာတမ်းတစ်ခု ထုတ်ဝေခဲ့သည်။[48]

ရှင်သန်လွတ်မြောက်သူများ၊ ၎င်းတို့၏ မိသားစုများနှင့် ကူညီအားပေးနေသူများသည် ကျားမအခြေပြု အကြမ်းဖက်မှုခံရကြောင်းကို ထုတ်ဖော်သတင်းပို့ပါက နှောင့်ယှက်ခြင်းနှင့် ခြိမ်းခြောက်အနိုင်ကျင့်ရန်ပြုခြင်းတို့ ခံကြရသည်။[49] စိုးရိမ်ပူပန်မှုများသည်လည်း အကြမ်းဖက်ခံရသူများ၏ အကျိုးအတွက်မဟုတ်ဘဲ ပြစ်မှုကျူးလွန်သူ၏ ဂုဏ်သိက္ခာ၊ ရပ်ရွာစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရန် သို့မဟုတ် စစ်တပ်ကဲ့သို့သော အမျိုးသားအများစု လွှမ်းမိုးထားသော ပုဂ္ဂိုလ်များ၏ သြဇာအာဏာကို ဆက်လက်ထိမ်းသိမ်းထားရန် အတွက်သာ ဖြစ်သည်။ တိုင်းရင်းသူ အမျိုးသမီးများအနေဖြင့် ယဉ်ကျေးမှုဆိုင်ရာ ခွဲခြားဆက်ဆံခံရခြင်းနှင့် ဘာသာစကားအခက်အခဲများစသည့် ထပ်တိုးဝန်ထုပ်ဝန်ပိုးများကို ရင်ဆိုင်ကြရသည်။

ကျူးလွန်ခံရသူများအတွက် လုံလောက်သည့် တရားဥပဒေအကာအကွယ်မရှိသောကြောင့် တရားမျှတမှု ရရှိရေးဆိုင်ရာအခွင့်အလမ်းများကို ကန့်သတ်သည့် အပျက်သဘောဆောင်သော ပုံသေကားကျ အယူအဆများသည် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှု လုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုရှိသည်။ ဥပမာ တရားစီရင်ရေးအရာရှိ များသည် ကျူးလွန်ခံရသူက ရုပ်ပိုင်းဆိုင်ရာ ထိုးကြိတ်ခံထားရသည့် သက်သေအထောက်အထား မတင်ပြနိုင်ပါက အလိုတူသည်ဟု ကောက်ချက်ချသည့် အမှုများ ရှိခဲ့သည်။ လူမှုအသိုင်းအဝိုင်းတွင် ကျားမဆိုင်ရာ ခွဲခြားဆက်ဆံသည့် သတ်မှတ်ချက်စံနှုန်းများကို အသိအမှတ်ပြု ကိုင်တွယ်ဖြေရှင်းပြီး ပယ်ဖျက်ခြင်း မပြုပါက ကျားမအခြေပြုအကြမ်းဖက်မှုကို ရှင်းထုတ်ရာတွင် တိုးတက်မှု သိပ်မရှိနိုင်ပေ။[50]

# နိဂုံး

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ပြုစုထားသော ကျား၊မအခြေပြု အကြမ်းဖက်ခြင်းကို ခွဲခြားစိတ်ဖြာကြည့်ရာ တိုင်းရင်းသူအမျိုးသမီးများသည် ကိုယ်ပိုင်ဘဝဖြစ်စေ အများပြည်သူရေး ဘဝနေထိုင်မှု နှစ်မျိုးစလုံးတွင် အကြမ်းဖက်ခံရနိုင်ဖွယ်ရှိကြောင်း ဖော်ပြနေသည်။ ဤထိခိုက်နစ်နာမှုအခြေအနေသည် ကိုရိုးနာကပ်ရောဂါဖြစ် ပွားနေစဉ်အတောအတွင်းတွင် ပိုမိုတိုးပွားလာသည်ဟု ယူဆရသည်။ အစိုးရအဖွဲ့မှ အမျိုးသမီးများ အထူးသဖြင့် တိုင်းရင်းသူအမျိုးသမီးများကို အကြမ်းဖက်ခြင်းအန္တရာယ်မှ အကာအကွယ်မပေးနိုင်သလို အကြမ်းဖက်မှု ကျူးလွန်ခံရသူများ ကြုံတွေ့ခံစားခဲ့ရသော ဘေးဒုက္ခများအတွက် လုံလောက်သော ကုစားမှုများနှင့် နစ်နာကြေးငွေများပေးခြင်း (သို့မဟုတ်) လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော ထိရောက်သည့် စုံစမ်းစစ်ဆေးမှုများ၊ တရားစီရင်ပေးရေးအကူအညီများ ဆောင်ရွက်ပေးရန်လည်း ပျက်ကွက်ခဲ့သည်။ အစိုးရသည် အကြမ်းဖက် ကျူးလွန်ခံရသူများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်စေရန် လူမှုရေး၊ ဥပဒေရေးရာ၊ ဆေးကုသရေးဆိုင်ရာနှင့် အခြားဝန်ဆောင်မှုများကို လုံလောက်စွာထောက်ပံ့ပေးခြင်း မရှိပေ။ ထို့အပြင် အစိုးရသည် ကျား၊မအခြေပြုအကြမ်းဖက်မှုကို ဖြစ်စေသည့် ရှေးရိုးစွဲအယူအဆများနှင့် ကျား၊မရေးရာ မညီမျှမှုများကို ပယ်ဖျက်ရန် ထိရောက်သော စီမံချက်များ မလုပ်ဆောင်ခဲ့ပါ။ ဤပျက်ကွက်မှုများသည် အမျိုးသမီးများ၏ အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်နေခြင်းဖြစ်ပြီး အစိုးရတစ်ရပ်လိုက်နာရမည့် နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်းလည်း ဖြစ်သည်။ NLD ဦးဆောင်သည့် အစိုးရသစ်အဖွဲ့သည် ၎င်း၏ လာမည့်သက်တမ်းအတွင်းတွင် ကွာဟချက်များ ကြီးကြီးမားမား ရှိနေသော ကာကွယ်စောင့်ရှောက်ရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ အထူးသဖြင့် တိုင်းရင်းသားဒေသမှ အမျိုးသမီးများသည် အကြမ်းဖက်မှုမှ ကင်းဝေးကာ အခြေခံလူ့အခွင့်အရေးကို အသုံးချပြီး အပြည့်အဝ အကျိုးခံစားနိုင်မည် ဖြစ်သည်။ ဤရည်မှန်းချက်များ မအောင်မြင်သေးပါက အမျိုးသမီးများသည် ဆက်လက်၍ ဆင်းရဲဒုက္ခများ ခံစားရလိမ့်မည်ဖြစ်ပြီး ဤဝန်ထုပ်ဝန်ပိုးများကို မိမိတို့ဘာသာ တာဝန်ယူဖို့ရန် ဖိအားပေးခံနေရလိမ့်မည် ဖြစ်သည်။

# အကြံပြုချက်

**အစိုးရမှလုပ်ဆောင်ရမည့် အကြံပြုချက်များ။**

- အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ကို အဆုံးသတ်ရန်နှင့် ပဋိပက္ခနှင့် ဆက်စပ်ဖြစ်ပေါ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (CRSV) အပါအဝင် ကျား၊မ အခြေပြုအကြမ်းဖက်ခံသူများ တရားမျှတမှုရရှိရန် ထိရောက်စွာ အရေးယူဆောင်ရွက်ရန်။
- အမျိုးသမီးအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ PoVAW ဥပဒေအား အကောင်းဆုံးသော နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရန်၊ အထူးသဖြင့် တိုင်းရင်းသူ အမျိုးသမီးများကို ကျား၊မအခြေပြုအကြမ်းဖက်ခံရခြင်းမှ အပြည့်အဝ ကာကွယ်နိုင်ရန်နှင့် အမြန်ဆုံးအတည်ပြု ပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်ရန်။
- CRSV နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့များကို အရပ်ဘက်မှ ထိန်းချုပ်ကြီးကြပ်နိုင်ရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်၊ အရပ်ဘက်တရားရုံးများမှ CRSV အမှုဖြစ်ရပ် အားလုံးကို ကြားနာစစ်ဆေးရန်၊ နိုင်ငံတကာဥပဒေအရ ဖော်ပြထားသော တာဝန်၊ ဝတ္တရားများကို ပြည်တွင်းဥပဒေ၌ ထည့်သွင်းရန်၊ CRSV အမှုဖြစ်ရပ်များကို စုံစမ်းစစ်ဆေးရန်၊ တရားမျှတပြီး ဘက်မလိုက်သော အဖွဲ့တစ်ခုဖွဲ့စည်းရန်နှင့် ရန်ပုံငွေထောက်ပံ့ရန်။
- ကျား၊မအခြေပြုအကြမ်းဖက်ခြင်း ပြစ်မှုဆိုင်ရာ သဘောတရား ကျယ်ပြန့်လာစေရန်၊ နိုင်ငံတကာဥပဒေများနှင့်အညီ အကြမ်းဖက်ခံရသူနှင့် မျက်မြင်သက်သေများကို လုံလောက်သော သက်သေအထောက်အထားများနှင့် အခြားသော အကာအကွယ်များကို ပေးနိုင်ရန် ပြစ်မှုဆိုင်ရာ ဥပဒေများကို ပြင်ဆင်ရန်နှင့် အခြားသက်ဆိုင်သော ဥပဒေများကို ပြင်ဆင်ရန်။
- ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သည့် အမှုများအတွက် အနိမ့်ဆုံးပြစ်ဒဏ်ချမှတ်ရေး ကလေးသူငယ်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန်။
- မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အား နိုင်ငံတကာအဆင့်အတန်းများနှင့်အညီ ၎င်း၏လုပ်ငန်းဆောင်တာများကို အပြည့်အဝ၊ အမှီအခိုကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ပြုပြင်ပြောင်းလဲရန်။
- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသော ဓလေ့ထုံးတမ်းဥပဒေနှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို ဖယ်ရှားရန်၊ ပုံစံတကျ မဟုတ်သော တရားစီရင်ရေးစနစ်များသည် အကြမ်းဖက်ခံရသူများ၏ လူမှုဘဝကောင်းမွန်ရေးကို ဦးစားပေးရန်နှင့် နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများကို လိုက်နာမှုရှိစေရေး လုပ်ကိုင်ဆောင်ရွက်ရန်။
- လွတ်လပ်၍ ဘက်မလိုက်သော ထိရောက်သည့် တရားစီရင်မှုဖြစ်ရေး လုပ်ဆောင်ရန်။
- တရားသူကြီးများ၊ ရဲအရာရှိများ၊ အတိုင်ပင်ခံများနှင့် အကြမ်းဖက်ခံရသူနှင့် ဆက်စပ်ဆောင်ရွက်ရသော အခြားဝန်ဆောင်မှု ပံ့ပိုးသူများအတွက် ကျား၊မရေးရာ ထိလွယ်ရှလွယ်သော အကြောင်းအရာများကို သင်ကြားပို့ချပေးသည့် သင်တန်းအား ညှိနှိုင်းဆောင်ရွက်ရန်၊ ရန်ပုံငွေ ပံ့ပိုးရန်နှင့် ရာထူးအားလုံးတွင် အမျိုးသမီးအရေအတွက် တိုးမြှင့်ခန့်အပ်ရန်။

- အခြေခံ ကြိုတင်ကာကွယ်တားစီးရေး အစီအမံများ၊ ကျန်းမာရေးနှင့် ဆေးဝါးအကူအညီ ဝန်ဆောင်မှုများ၊ စိတ်ပိုင်း - လူမှုရေးဝန်ဆောင်မှုများ၊ လူမှုစီးပွားရေး အကူအညီများ၊ ဥပဒေရေးရာ အကူအညီများ၊ အရေးပေါ် ခိုလှုံရာ နေရာထိုင်ခင်းများအပါအဝင် အကြမ်းဖက်ခံရသူအတွက် ရန်ပုံငွေ အလုံအလောက်ဖြင့် ပံ့ပိုးထားသည့် ဝန်ဆောင်မှုများကိုပေးရန်။
- အကြမ်းဖက်ခံရသူများကို ဝန်ဆောင်မှုများ လက်တွေ့ပေးနေသည့် ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်း (CSOs) များကို ရန်ပုံငွေထောက်ပံ့ရန်။
- မြို့နှင့် ကျေးလက်တိုင်းရင်းသားဒေသများမှ လွှတ်တော်အဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများ အကြား ကျား၊မရေးရာ စံသတ်မှတ်ချက်များ၊ ကျား၊မအခြေပြု ခွဲခြားဆက်ဆံခြင်းများ၊ ကျား၊မ အခြေပြု အကြမ်းဖက်ခြင်းနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ လူထုအသိအမြင်ဖွင့် လုပ်ငန်းလုပ်ဆောင်ရန်။
- တိုင်းရင်းသားဒေသများရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လူ့အခွင့်အရေးနှင့် တန်းတူညီမျှမှုကို မြင့်တင်ရန် လုံလောက်သော အရင်းအမြစ်များ ရင်းနှီးမြှုပ်နှံရန်။
- နိုင်ငံအနှံ့ရှိ လက်နက်ကိုင်ပဋိပက္ခများကို ချက်ချင်းရပ်တန့်ရန်နှင့် တိုင်းရင်းသားဒေသရှိ ချယ်လှယ်စိုးမိုးထားသော တပ်များကို ရုပ်သိမ်းရန်။
- တိုင်းရင်းသူအမျိုးသမီးများအတွက် ပညာရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို ဦးစားပေး လုပ်ဆောင်ပေးခြင်း၊ မူးယစ်ဆေးစွဲမှု ကုသရန် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန်လုပ်ဆောင်ပေးခြင်း၊ တိုင်းရင်းသားဒေသများရှိ ဒေသခံများကို အကျိုးပြုသည့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများပေးခြင်း အပါအဝင် ကျား၊မအခြေပြုအကြမ်းဖက်ခြင်းကို ဖြစ်စေသော တိုင်းရင်းသား ဒေသရှိ စီးပွားရေးဆိုင်ရာ မလုံခြုံမှုနှင့် မူးယစ်ဆေးစွဲမှုစသည့် ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန်။

## တရားစီရင်ရေးဆိုင်ရာ အကြံပြုချက်

- တရားသူကြီးများ အမှီအခိုကင်းပြီး တရားမျှတမှုနှင့် ဘက်မလိုက်မှု ပိုမိုအားကောင်းလာစေရေး လုပ်ဆောင်ရန်နှင့် တရားစီရင်ရေးစနစ်အတွင်းရှိ အကျင့်ပျက်ခြစားမှုကို ဖယ်ရှားရန်။
- တရားစီရင်ရေးစနစ်၏ အဆင့်တိုင်းတွင် အမျိုးသမီး တရားသူကြီးအရေအတွက်တိုးမြှင့် ခန့်အပ်ရန်။
- တရားသူကြီးနှင့် တရားရေးရာ ဝန်ထမ်းအားလုံးကို ကျား၊မနှင့် ကလေးသူငယ်ရေးရာ ထိလွယ်ရှလွယ်ရှိမှုဆိုင်ရာ သင်တန်းများပေးရန်။
- တရားရေးရာ လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေသူများအတွက် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု အကူအညီများကို  တိုင်းရင်းသားသာသာစကားအားလုံးဖြင့် အခမဲ့ပေးရန်။
- တရားစီရင်ရေးလုပ်ငန်းစဉ် အဆင့်အားလုံးတွင် အကြမ်းဖက်ခံရသူများ၏ လုံခြုံရေး၊ အခွင့်အရေးနှင့် သတင်းလျှို့ဝှက်ထိန်ချန်ထားရေးကို လေးစားရန်။
- ကင်မရာအသုံးပြု၍ ထွက်ဆိုချက်ပေးခြင်း အပါအဝင် ဥပဒေချိုးဖောက် အကြမ်းဖက်ခံရသူ ကလေးသူငယ်အတွက် အထူးအစီအမံများ ဆောင်ရွက်ပေးရန်နှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ ကျူးလွန်ခံရသော အကြောင်းအရာများကို ဖော်ပြရာတွင် အသုံးပြုနိုင်သည့် ခန္ဓဗေဒ အရမှန်ကန်သော ရုပ်ပုံများကဲ့သို့ အခြားရွေးချယ်စရာ နည်းလမ်းများကို သမရိုးကျထွက်ဆိုချက်ပေးခြင်းအစား စီစဉ်ဆောင်ရွက်ပေးရန်။

- မြို့ပြင်ပတွင် နေထိုင်သော အကြမ်းဖက်ခံရသူများ၏ သွားလာရေး ဝန်ထုတ်ဝန်ပိုးကို လျှော့ချရန် ကျေးလက်နှင့် တိုင်းရင်းသားဒေသများသို့ သွားရောက်နိုင်သော နယ်လှည့်တရားရုံးများကို စီစဉ်ဆောင်ရွက်ပေးရန်။
- တူညီသော ပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ဥပဒေကျင့်သုံးမှုများကို တစ်သမတ်တည်း ဖြစ်စေရန် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန်။
- အမျိုးသမီးများနှင့် ကလေးသူငယ်များပေါ် ကျား၊မ အခြေပြုအကြမ်းဖက်ခြင်း ဥပဒေရေးရာအမှုများကို အချိန်မီကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြီးပြတ်စွာလုပ်ဆောင်ရန်။

## ကျေးရွာအာဏာပိုင်များအတွက် အကြံပြုချက်များ

- ကျေးရွာအုပ်ချုပ်ရေးမှူးများအား အမျိုးသမီးများနှင့် ကလေးသူငယ်များပေါ် ကျား၊မ အခြေပြုအကြမ်းဖက်ခြင်းအကြောင်း ပိုမိုနားလည်ရန် ဥပဒေ၊ ကျား၊မရေးရာနှင့် ကလေးသူငယ်ဆိုင်ရာ ထိလွယ်ရှလွယ်ဖြစ်မှု အကြောင်းအရာပါ သင်တန်းပေးရန်။ သို့မှသာ ၎င်းတို့သည် ကောင်းစွာ သိရှိနားလည်ပြီး အကြမ်းဖက်ခြင်းကဲ့သို့ စွပ်စွဲချက်များကို အရေးတယူတုန့်ပြန်ဆောင်ရွက်ရန် ပြင်ဆင်နိုင်မည်ဖြစ်ပြီး ဥပဒေရေးရာ ရွေးချယ်ပိုင်ခွင့်နှင့်ဆိုင်သော ရှင်းလင်းသည့် သတင်းအချက်အလက်ကို အကြမ်းဖက်ခံရသူများအား ပေးနိုင်မည်ဖြစ်သည်။
- အမျိုးသမီးအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ကျေးရွာရှိလူထုများအကြား ဖြစ်ပေါ်နေသော ကျား၊မအခြေပြုအကြမ်းဖက်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များကို ရေးဆွဲရန်၊ ပံ့ပိုးပေးရန်နှင့် ယင်းမူဝါဒအားလုံးသည် အကြမ်းဖက်ခံရသူများ၏ လိုအပ်ချက်များကို ပထမဦးစားပေးအဖြစ် ထားရှိသည့် အကြမ်းဖက်ခံရသူ အလယ်ဗဟိုပြုနည်းလမ်းကို ရွေးချယ်ရန်။
- ၎င်းတို့၏ လူထုအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များအား ကျား၊မ အခြေပြုအကြမ်းဖက်ခြင်းနှင့် အမျိုးသမီး၊ ကလေးသူငယ်များ၏ အခွင့်အရေးနှင့်ဆိုင်သော အသိအမြင်ဖွင့်ခြင်းကို တာဝန်ယူလုပ်ဆောင်ရန်။
- အမျိုးသမီးအုပ်ချုပ်ရေးမှူးအရေအတွက် တိုးမြှင့်ခန့်အပ်ရန်။

## ဝန်ဆောင်မှုပံ့ပိုးသော သူများအတွက် အကြံပြုချက်များ

- ဝန်ဆောင်မှုပေးသော အဆင့်အားလုံးတွင် အကြမ်းဖက်ခံရသူ၏ လုံခြုံရေး၊ အခွင့်အရေးနှင့် သတင်းလျှို့ဝှက်ထိန်းချန်ထားရေးကို လေးစားလိုက်နာရန်။
- ကလေးသူငယ်များအတွက် လိင်ကျန်းမာရေးအသိအမြင်ဖွင့် တိုးမြှင့်လုပ်ဆောင်ခြင်း၊ သင့်လျော်သော ကိုယ်ခန္ဓာထိတွေ့မှုအကြောင်း ဆွေးနွေးမှုများကို ပံ့ပိုးပေးခြင်းနှင့် အမျိုးသမီးနှင့် ကလေးငယ်များ ကျား၊မ အခြေပြုအကြမ်းဖက်မှု ကြုံတွေ့ရပါက ထုတ်ဖော်ပြောဆိုရန် တိုက်တွန်းရန်။
- ကျား၊မ အခြေပြုအကြမ်းဖက်ခြင်းအတွက် တရားဝင်လမ်းကြောင်းမှ တရားရေးရာကုစားမှုများ ရရှိနိုင်ရန် ဥပဒေရေးရာ အခွင့်အရေးများ၊ တာဝန်နှင့် လုပ်ထုံးလုပ်နည်း ရွေးချယ်နိုင်ခွင့်နှင့် ပတ်သက်၍ သိရှိနားလည်မှုမြှင့်တင်ရန်၊ တိုင်းရင်းသားဒေသများတွင် ဥပဒေရေးရာ အသိအမြင်ဖွင့် အလုပ်ရုံဆွေးနွေးခြင်းများ ပြုလုပ်ပေးရန်။

# ကိုးကားချက်များ

1 This pattern is largely unchanged from those that WLB observed in its prior reports, "Same Impunity, Same Patterns: Sexual abuses by the Burma Army will not stop until there is a genuine civilian government" from January 2014 [hereinafter "Same Impunity"] and "Girls Bear the Shame: Impediments to Justice for Girl Children who have Experienced Sexual Violence in Burma" from November 2017 [hereinafter "Girls Bear the Shame"].

2 UN Women, The impact of COVID-19 on violence against women and girls and service provision: UN Women rapid assessment and findings (2020) available at: https://www.unwomen.org/-/media/headquarters/attachments/sections/library/publications/2020/impact-of-covid-19-on-violence-against-women-and-girls-and-service-provision-en.pdf?la=en&vs=0; International Rescue Committee, The Essentials of Responding to Violence Against Women and Girls During and After Covid-19 (Jun. 26, 2020) available at: https://www.rescue.org/report/essentials-responding-violence-against-women-and-girls-during-and-after-covid-19.

3 The United Nations, Convention on the Elimination of All Forms of Discrimination Against Women, Dec. 18, 1979, U.N.T.S. 13 [hereinafter "CEDAW"]; The United Nations, Convention on the Rights of the Child, Nov. 1989, U.N.T.S. vol. 1577 [hereinafter "CRC"].

4 Khin Khin Mra, New Mandala, "Stay at Home": Covid-19 and rising domestic violence in Myanmar's informal urban settlements (Jun. 22, 2020) available at: https://www.newmandala.org/stay-at-home-covid-19-and-rising-domestic-violence-in-myanmars-informal-urban-settlements/.

5 Gender Equality Network, Behind the Silence: Violence Against Women and their Resilience (Nov. 14, 2014).

6 Conflict-related sexual violence (hereinafter "CRSV"), a hallmark of military strategy to intimidate, terrorize and punish ethnic groups, continues to be widespread and systematic and the military operates with complete impunity. For a comprehensive review of the situation in Myanmar, see Human Rights Council, Sexual and Gender-Based Violence in Myanmar and the Gendered Impact of its Ethnic Conflicts (Aug. 22, 2019), ¶¶ 25 – 65, available at: https://www.ohchr.org/Documents/HRBodies/HRCouncil/FFM-Myanmar/sexualviolence/A_HRC_CRP_4.pdf; Women's League of Burma, "If they had hope they would speak", The ongoing use of state-sponsored sexual violence in Burma's ethnic communities (Nov. 2014); Lawi Weng, The Irrawaddy, Ta'ang Rape Survivor Claims Attackers Army Soldiers (May 17, 2019) available at: https://www.irrawaddy.com/news/ethnic-issues/taang-rape-survivor-claims-attackers-army-soldiers.html; International Commission of Jurists, Redress and Accountability in Myanmar: Baseline Study, (Jan. 2018), at 13 [hereinafter "ICJ Report"] available at: https://www.icj.org/wp-content/uploads/2018/01/Myanmar-GRA-Baseline-Study-Publications-Reports-Thematic-reports-2018-ENG.pdf.

7 The Bangkok Post, Rape in Myanmar is Silent Emergency (Mar. 2, 2020) available at: https://www.bangkokpost.com/world/1869804/rape-in-myanmar-is-silent-emergency.

8 Human Rights Watch, Give Us a Baby and We'll Let You Go: Trafficking of Kachin "Brides" from Myanmar to China (Mar. 21,2019) available at: https://www.hrw.org/report/2019/03/21/give-us-baby-and-well-let-you-go/trafficking-kachin-brides-myanmar-china#.

9 Gender Equality Network, Myanmar Law and CEDAW: The Case for Anti-Violence Against Women Laws (Jan. 2013); U.S. Dep't of State, 2019 Country Reports on Human Rights Practices: Burma (Mar. 11, 2020).

10 Myanmar Penal Code, ¶ 375 & 376 (1861); see generally The Global Justice Center, Factsheet: Myanmar's Proposed Prevention of Violence Against Women Law: A Failure to Meet International Human Rights Standards (Jul. 2020) available at: https://www.globaljusticecenter.net/files/20200710_MyanmarPOVAWlawAnalysis.pdf.

11 Inter Press Service, Myanmar's Protection Bill Falls Short of Addressing Violence Against Women (Jul 28, 2020) available at: http://www.ipsnews.net/2020/07/myanmars-protection-bill-falls-short-of-addressing-violence-against-women/.

12 ICJ Report, supra Note 6. The report finds that investigations into allegations of rights violations rarely result in effective prosecutions or redress.

13 Women's League of Burma, Procedural and Substantive Suggestions for the Proposed Protection and Prevention of Violence Against Women Law (Feb. 2019).

14 With respect to CRSV, in December 2018, the government signed a Joint Communique with the Special Representative of the Secretary-General on Sexual Violence in Conflict that prescribes preventive measures such as legal reforms to ensure accountability for CRSV, training and capacity-building for service providers, improving service delivery for survivors and eliminating impunity. The government has not followed through on these commitments, and the draft action plan to implement the Joint Communique fails on a number of levels to provide adequate protection for survivors. See Joint Communique of the Republic of the Union of Myanmar and the United Nations on Prevention and Response to Conflict-Related Sexual Violence (Dec. 7, 2018); Human Rights Council, Report of the Office of the High Commissioner for Human Rights, Situation of human rights of Rohingya Muslims and other minorities in Myanmar (Sept. 3, 2020) at ¶32.

15 CEDAW establishes that violence against women is a form of discrimination and a violation of women's human rights. See CEDAW General Recommendation No. 19 (interpreting CEDAW's violence against women mandates) and CEDAW General Recommendations No. 30 and 35 (reiterating that these mandates apply to situations of contention and political instability, including armed conflict). Security Council Resolution 2467, adopted in April of 2019, reaffirms the eight previous Women Peace and Security Resolutions and recalls States' responsibilities to prosecute those responsible for human rights abuses and reiterates that CRSV is a serious crime under international law. UN Security Council, Resolution 2467 (2019) (Apr. 23, 2019), UN Doc. S/RES/2467 (2019). See also CRC, supra Note 3,

at art. 19(1); The United Nations General Assembly, International Covenant on Economic, Social, and Cultural Rights, Treaty Series, vol. 999, Dec. 1966, at arts. 2(2), 7, 12.

16 Committee on the Elimination of Discrimination against Women, Concluding Observations of the Committee on the Elimination of Discrimination against Women: Burma (Jul. 25, 2016), U.N. Doc CEDAW/C/MMR/CO/4-5, at ¶¶ 27(a), (b) (d); 45(b), (f).

17 The World Justice Project, Rule of Law Index 2020 available at: https://worldjusticeproject.org/rule-of-law-index/country/2020/Myanmar/.

18 Justice Base & UN Women, Voices from the Intersection: Women's Access to Justice in the Plural Legal System in Myanmar (2016), at 9, available at: https://reliefweb.int/sites/reliefweb.int/files/resources/Myanmar%20Research%20Report.pdf.

19 Burma/Myanmar Forum on UPR, Universal Periodic Review Mid-Term Report, at 23 (Feb.-June 2018).

20 With respect to CRSV, courts and prosecutors tend not to intervene and it is common for survivors, their families and lawyers to face judicial harassment, such as charges of defamation or unlawful association. Interference with and intimidation of lawyers, particularly in politically sensitive cases involving human rights violations, undermines their ability to effectively represent clients and to pursue effective remedies and reparations. See Institute for International Criminal Investigations & Redress, Supplement to the International Protocol on the Documentation and Investigation of Sexual Violence in Conflict: Myanmar-Specific Guidance for Practitioners (Mar. 2018) [hereinafter "IICI Report"], at 29 available at: https://iici.global/0.5.1/wp-content/uploads/2018/03/Myanmar-IP2-Supplement_English_Online.pdf; ICJ Report, supra Note 6.

21 In cases of CRSV, provisions in the Constitution and elsewhere essentially guarantee that cases will not be heard in civilian courts, but even cases that could be heard outside the courts-martial system are not due to official and unofficial influence exerted by state actors, including the military. See Same Impunity, supra Note 1.

22 International Crisis Group, Fire and Ice: Conflict and Drugs in Myanmar's Shan State (Jan. 8, 2019), at 24 [hereinafter "ICG Report"] available at: https://www.crisisgroup.org/asia/south-east-asia/myanmar/299-fire-and-ice-conflict-and-drugs-myanmars-shan-state.

23 IICI Report, supra Note 20, at 29.

24 IICI Report, supra Note 20, at 29.

25 Nobel Zaw, The Irrawaddy, Emergency Care Bill Signed Into Law (Dec. 9,2014) available at: https://reliefweb.int/report/myanmar/emergency-care-bill-signed-law.

26 International Commission of Jurists, Four Immediately Implementable Reforms to Enhance Myanmar's National Human Rights Commission (Nov. 12, 2019); Progressive Voice, Smile Education and Development Foundation, Action Committee for Democracy Development, Suspicious Minds: The Myanmar National Human Rights Commission Trust Deficit 2017 (2017).

27 Nyein Nyein, Can Burma's Human Rights Commission Fight Sexual Violence in Conflict Areas? (Mar. 8, 2016) available at: https://www.irrawaddy.com/news/burma/can-burmas-human-rights-commission-fight-sexual-violence-in-conflict-areas.html

28 My Justice, Women's Experiences, Roles and Influence in Community Based Dispute Resolution and Mediation in Myanmar (2018) available at: https://www.myjusticemyanmar.org/content/women%E2%80%99s-experiences-roles-and-influence-community-based-dispute-resolution-and-mediation.

29 Paul Minoletti & Pausa La Ring, Gender and Local Politics in Myanmar: Women's and Men's Participation in Ward, Village Tract and Village Decision Making (Sept. 2020) available at: https://www.researchgate.net/publication/344329923_Gender_and_Local_Politics_in_Myanmar_Women's_and_Men's_Participation_in_Ward_Village_Tract_and_Village_Decision_Making; Kyi Pyar Chit Saw & Matthew Arnold, The Asia Foundation, Administering the State in Myanmar: An Overview of the General Administration Department: Policy Dialogue Brief Series No. 6 (Mar. 2015), at 10 available at: https://asiafoundation.org/wp-content/uploads/2016/09/Administering-the-State-in-Myanmar_Policy-Brief_ENG.pdf.

30 ICJ Report, supra Note 6, at 14.

31 Constitution of the Republic of the Union of Myanmar (2008) at ch. I, art. 20(b) and ch. VII, art. 343(b).

32 Myanmar Code of Criminal Procedure, ¶ 208, 247; see generally Girls Bear the Shame, supra Note 1.

33 IICI Report, supra Note 20, at 29

34 Jo-Marie Burt & Paulo Estrada, International Justice Monitor, Court Ratifies Historic Sepur Zarco Sexual Violence Judgment (Jul. 21, 2017) available at: https://www.ijmonitor.org/2017/07/court-ratifies-historic-sepur-zarco-sexual-violence-judgment/.

35 ICJ Report, supra Note 6, at 24.

36 Kachin Women's Association in Thailand & Legal Aid Network, Justice Delayed, Justice Denied: Seeking Truth about Sexual Violence and War Crime Case in Burma (Jan. 2016), at 5, 17, 31 and 36.

37 Gender Equality Network, Service Provision for Survivors of Gender-Based Violence in Myanmar (Apr. 2018) available at: https://www.genmyanmar.org/system/research_and_publications/rap_file_engs/000/000/028/original/Service_Provision_for_Gender-Based_Violence_Survivors_in_Myanmar-_English_Version.pdf.

38 Educational Initiatives & AJAR, Violence Against Women Prevention and Response Services and Access in Myanmar (Oct. 2015) at 18, available at: https://www.asia-ajar.org/files/VAW%20Preveition%20Myanmar.pdf.

39 https://www.mm.undp.org/content/myanmar/en/home/countryinfo.html

40 For an overview of the drug situation in Myanmar, see ICG Report, supra Note 22; Benedikt Hofman, The Myanmar Times, Will Myanmar Let Illegal Economy Define its Future? (Nov. 20, 2020) available at: https://www.mmtimes.com/news/will-myanmar-let-illegal-economy-define-its-future.html.

41 ICG Report, supra Note 22; ; Hannah Beech & Saw Nang, The New York Times, Raids Reveal Massive Fentanyl Production in Myanmar (May 19, 2020) available at: https://www.nytimes.com/2020/05/19/world/asia/myanmar-drug-raid-fentanyl.html.

42 UNFPA, Poverty, drugs and violence against women: breaking the chain in Myanmar (Jan.15,2016) available at: https://asiapacific.unfpa.org/en/news/poverty-drugs-and-violence-against-women-breaking-chain-myanmar; Mai Hla Aye, Global Drug and Policy Observatory, Swansea University, GDPO Situational Analysis: Gender and Drugs in Myanmar (Jun. 2018) available at: https://www.swansea.ac.uk/media/Gender-and-Drugs-in-Myanmar.pdf.

43 This failure has led to sometimes-harsh grassroots attempts to solve the problem. See David Shaw, Vice Media, Inside Myanmar's Surprisingly Harsh Heroin Rehab Centres (May 12, 2017) available at: https://www.vice.com/en/article/mgm9g8/inside-myanmars-surprisingly-harsh-heroin-rehab-centres; Tin Htet Paing, The Irrawaddy, Treating Burma's Drug Problem (Mar. 29,2017) available at: https://www.irrawaddy.com/features/treating-burmas-drug-problem.html

44 Thu Thu Aung, Reuters, "Until her bones are broken": Myanmar activists fight to outlaw domestic violence (Aug. 15, 2019) available at: https://www.reuters.com/article/us-myanmar-politics-women/until-her-bones-are-broken-myanmar-activists-fight-to-outlaw-domestic-violence-idUSKCN1V52LT.

45 Wai Wai Nu & Maggi Quadrini, The Diplomat, Myanmar's Justice System is Failing Survivors of Sexual Violence (Feb. 13, 2020).

46 The Conversation, Myanmar debates women's rights amid evidence of pervasive sexual and domestic violence (Dec. 10, 2018) available at: https://theconversation.com/myanmar-debates-womens-rights-amid-evidence-of-pervasive-sexual-and-domestic-violence-104536

47 Karen Human Rights Group, Suffering in Silence? Sexual Violence against Women in Southeast Myanmar (Dec. 10, 2018) [hereinafter "Suffering in Silence"] available at: https://khrg.org/2018/12/18-4-nb1/suffering-silence-sexual-violence-against-women-southeast-myanmar. https://reliefweb.int/sites/reliefweb.int/files/resources/18-4-nb1_wb.pdf

48 Kimberley Phillips, Democratic Voice of Burma, Rape avoidance 101: Government advice on curbing sexual assault elicits scorn (Mar. 2,2018).

49 See generally Suffering in Silence, supra Note 45.

50 IICI Report, supra Note 20, at 29.

Women's League of Burma

www.womenofburma.org
@wlbpower